# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၃၂)၊ ၁၃၈၇ ခုနှစ် ၊ ဝါခေါင်လဆန်း ၃ ရက် ၊ ၂၇-၇-၂၀၂၅၊ တနင်္ဂနွေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန် သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာ

### အောင်ချက်ရာခိုင်နှုန်း ၄၈ ဒသမ ဝ၆ ရာခိုင်နှုန်းရှိ

နေပြည်တော် ဇူလိုင် ၂၇

၂၀၂၅ ခုနှစ် မတ်လတွင်ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲ နှင့် မန္တလေးငလျင်ကြီး ဘေးဒဏ်ခံခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ပြန်လည်ဖြေဆိုသော ၂၀၂၅ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ယနေ့ နံနက်ပိုင်းတွင် တစ်ပြည်လုံးအတွက် တစ်ပြိုင်တည်း အပြီးထုတ်ပြန် ကြေညာသည်။

ထိုသို့ထုတ်ပြန်ပေးရာတွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ကျောင်းများ၌ တက္ကသိုလ်ဝင် စာမေးပွဲ အောင်စာရင်းများကို ထုတ်ပြန်ထားလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများက အေးချမ်းစွာ လာရောက်ကြည့်ရှုကြသည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန website ဖြစ်သော www.myanmarexam.org တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကိုလည်း မြန်မာ့အသံ(ရေဒီယို)၊ တိုင်းရင်းသား အစီအစဉ်များမှ ထုတ်လွှင့်ကြေညာပေးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၃ သို့ ○



နောင်ချိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ တက်ရောက်သည့် ကျောင်းသား ကျောင်းသူများအား တွေ့ရစဉ်။

## နောင်ချိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ကျောင်းစတင်တက်ရောက်

နေပြည်တော် ဇူလိုင် ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပြီး ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းအပ်လက်ခံခြင်းကို ဇူလိုင် ၂၂ ရက်မှဆောင်ရွက်ပေးလျက်ရှိသည်။

ထို့သို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နောင်ချိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းစတင်ဖွင့်လှစ်နိုင်ခဲ့ရာ ကျောင်းသား ကျောင်းသူ ၈၅၇ ဦး စတင်တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။ ထိုသို့ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ၊ သန့်ရှင်းသပ်ရပ်စွာနှင့် လုံခြုံစွာ ပညာသင်ကြားနိုင်ရေးအတွက် တပ်မတော်သားများက လိုအပ်သည့် မိုင်းရှင်းလင်းရေး၊ လုံခြုံရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးထားခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၅ သို့ ●

## ယနေ့ ဖတ်စရာ အညွှန်း


ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

စာမျက်နှာ ၂

— — — — — —

သံတမန်အသစ် ၁၆ ဦးအား ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် တရုတ်သမ္မတ ရှီကျင့်ဖျင် ပေကျင်းမြို့တော်၌ ကြိုဆိုနှုတ်ခွန်းဆက်

စာမျက်နှာ ၈

— — — — — —

ဤခရီးနီးပါသည် (ဆောင်းပါး)

စာမျက်နှာ ၁၇


## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၂၆

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၇ ရက်၊ တနင်္ဂနွေနေ့။

# ပြောင်းသီးနှံတန်ဖိုး ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်လျက်ရှိ

အရည်အသွေးကောင်းမွန်ပြီး အထွက်နှုန်းမြင့်မားသည့် ပြောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်စေရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြောင်းသီးနှံအခြေခံ တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အထောက်အကူဖြစ်စေရေးနှင့် ပြောင်းသီးနှံတန်ဖိုးကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်လာစေရေးတို့ကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်၍ ပြောင်းသီးနှံတန်ဖိုးကွင်းဆက်တစ်လျှောက် တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပလျက်ရှိသည်။

ပြောင်းသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အထွက်နှုန်းကောင်းမွန်ပြီး ဒေသနှင့်ကိုက်ညီမှုရှိသည့် ပြောင်းသီးနှံမျိုးကောင်းမျိုးသန့်များကို ပြောင်းလဲစိုက်ပျိုးရေးသည် အဓိကကျသည့်အချက်ဖြစ်ကြောင်း၊ စိုက်ပျိုးထွက်ရှိလာသည့် ပြောင်းကုန်ကြမ်းများကို တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ပြောင်းတန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သည့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ပါက ဈေးနှုန်းသက်သာစွာ သုံးစွဲနိုင်မည့်အပြင် ပြည်တွင်းရှိ ဆေးဝါးနှင့် စားသောက်ကုန်များ ထုတ်လုပ်ရာ၌ လိုအပ်သောကုန်ကြမ်းများ တင်သွင်းရမှုကိုလည်း အစားထိုးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ပို့ကုန်တန်ဖိုး နှစ်ဆတိုးမြင့်ရေးမူဝါဒ အကောင်အထည်ဖော်မှုကိုလည်း အထောက်အကူပြုလျက် နိုင်ငံ့စီးပွားပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် လက်တွေ့ဆောင်ရွက်နိုင်မည့် အချက်များကို ဖော်ထုတ်နိုင်ရေး တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့နှင့် ကုန်သည်လုပ်ငန်းရှင်များအားလုံးက ဝိုင်းဝန်းအကြံပေးဆွေးနွေးပေးကြစေလိုကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ဇူလိုင် ၂၅ ရက်နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင် တိုက်တွန်းပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များမှ ပညာရှင်ခုနစ်ဦးက ပြောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်မှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ ငွေကြေးအရင်းအနှီးထောက်ပံ့မှု၊ မွေးမြူရေးအစားအစာ ထုတ်လုပ်နိုင်မှု၊ ပြည်ပတင်ပို့မှု၊ ပြောင်းသီးနှံတန်ဖိုးကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစိန်ခေါ်မှုနှင့် အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ သုတေသနပြုစာတမ်းများကို ဖတ်ကြားတင်သွင်းဆွေးနွေးကြသည်။

ပြောင်းသီးနှံတန်ဖိုး ကွင်းဆက်တစ်လျှောက်တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ လမ်း၈၀၊ ၃၉လမ်းနှင့် လမ်း၄၀ကြားနှင့် အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇူလိုင် ၂၈ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အကွက်(၁၃)၊ ဒေါနဘွားရပ်ကွက်၊ အုတ်စက်မွေ့ရုံဝင်း နှင့်ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်(ဖ-၈/၉) ၅၉လမ်း၊ ၁၁၂လမ်းနှင့် ၁၁၃ လမ်းကြားတို့တွင်လည်းကောင်း၊ ဇူလိုင် ၂၉ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက် ၇၇လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်၊ ၁၂၆လမ်း၊ ၅၈လမ်းနှင့် ၅၈(A)လမ်းကြားတို့တွင် လည်းကောင်း၊ ဇူလိုင် ၃၀ ရက်တွင် မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရပ်ကွက်၊ ၇၃လမ်း၊ တက္ကသိုလ်လေ့ကျင့်ရေးရှေ့နှင့် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ တောင်မြို့ဆေးရုံ မြောက်ဘက် မဟာဂန္ဓာရုံ အနောက်ဘက်တို့တွင်လည်းကောင်း၊ ဇူလိုင် ၃၁ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ ၄၆၈ မုခ်ဦးတန်းဓမ္မာရုံ၊ အ-မ-က(၃)မြောက်ဘက်၊ ၈၄လမ်း၊ ခတ္တန်းမုခ်ဦးတန်းလမ်းမဘေးတွင်လည်းကောင်း၊ ဩဂုတ် ၁ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရန်ကုန်-မန္တလေးလမ်း၊ မိုးထိအောင်စည်ကျောင်းရှေ့တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

# ၂၀၂၅ ခုနှစ် ထီလာမောင်ဖလားအလွတ်တန်း အမျိုးသားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ကျင်းပ

**မိတ္ထီလာ ဇူလိုင် ၂၆**

၂၀၂၅ ခုနှစ် မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ထီလာမောင်ဖလားအလွတ်တန်း အမျိုးသားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို မိတ္ထီလာခရိုင်အားကစားကွင်းတွင် ဇူလိုင် ၂၅ ရက် ညနေပိုင်းက ပြုလုပ်ရာ မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၊ မြို့နယ်နှင့် ကလပ်အသင်းတို့မှ ပြိုင်ပွဲဝင်၂၈ အသင်းတို့ မှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများ၊ ပညာရေးကောလိပ်မှ သရုပ်ပြအဖွဲ့ဝင်များ ဘောလုံးအားကစားဝါသနာရှင်ပြည်သူများ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြား၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင်အားကစားသမားများက အားကစား သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီးနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းတို့မှ အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးခဲ့သည်။



ထို့နောက် ပွဲဦးထွက်ပွဲစဉ်အဖြစ် (က)အုပ်စုမှ ကျော်ဇေယျာဟိန်းအသင်းနှင့် Fire Sport အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Fire Sport အသင်းက ၃ ဂိုး ပြတ်ဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါ ထီလာမောင်ဖလားအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ (က)အုပ်စုတွင်ကျော်ဇေယျာဟိန်း၊ ဝမ်းတွင်းမြို့နယ်အသင်း၊ ဂဠုန်ကုန်းအသင်း၊ Fire Sport အသင်း၊ (ခ)အုပ်စုတွင် ရွှေလွန်းပျံ(ခ)၊ ကန်တောင်ပို့/ဆက်အသင်းနှင့် ဇောင်ချမ်းကုန်းအသင်း၊(ဂ)အုပ်စုတွင် ဘုရားငါးဆူ၊ ထမုန်ကန်အသင်း၊ မြောက်ပယ်နှင့် ဝန်ဇင်းအသင်း၊ (ဃ)အုပ်စုတွင် တောတွင်လှ၊ ဆည်ကုန်း၊ ELite Fc အသင်း၊ (င)အုပ်စုတွင် ရွှေ Mobile အသင်း၊ OVer 35 အသင်းနှင့် ရွှေလွန်းပျံ (က)အသင်း၊ (စ) အုပ်စုတွင် ရတနာမာန်အောင်(ခ)၊ ပြည်သာယာ(တ)အသင်းနှင့် သာစည်အသင်း၊ (ဆ)အုပ်စုတွင် မကျည်းချောက်၊ မလှိုင်မြို့နယ်နှင့် ရတနာမာန်အောင်(က) အသင်း၊ (ဇ)အုပ်စုတွင် တပျော်၊ သပြေဝအသင်းနှင့် Power Full အသင်းတို့ အသီးသီးပါဝင်ကြပြီး ဩဂုတ် ၃၁ ရက်အထိ ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ဆုရအသင်းတို့ကိုလည်း ဆုငွေများဆုတံဆိပ်များကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**တင်မောင်-မန်း**

ဝ-ဝ-ဝ-ဝ-ဝ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ(လက်ချည်ပွဲ)အခမ်းအနားတက်ရောက်၊ စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုအားပေး



ပုသိမ် ဇူလိုင် ၂၆

ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ(လက်ချည်ပွဲ) အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျုံပျော်မြို့နယ် ရောမင်းခန်းမ၌ ကျင်းပရာ ဆရာတော် သံဃာတော်များ၊ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများနှင့် ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ၏ ကရင်ရိုးရာ ဒုံးယိမ်းအကဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့က ဖားစည် ၉ ချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က ယနေ့အခမ်းအနားသည် ကရင်တိုင်းရင်းသားအားလုံး၏ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားဖြစ်ပါကြောင်း၊ ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားတွင် ယခုကဲ့သို့ မိမိတိုင်းရင်းသားများ စုစုစည်းစည်း ပြန်လည်တွေ့ဆုံရသည်မှာ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည်ဟု ပြောရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးက ဝါခေါင်လ ချီဖြူဖွဲ့မင်္ဂလာ (လက်ချည်ပွဲ) အခမ်းအနား ကျင်းပကြသည့် ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ကျုံပျော်မြို့နယ် ကရင်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကော်မတီ နာယက ပြာမလေ့ကျေးရွာကျောင်းတိုက် ဆရာတော် ဦးဉာဏဇောတိ၊ ပုသိမ်မြို့နယ်၊ ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကြီး Bishop ဟင်နရီ မန်းအိုင်ခလိန်တို့က နှုတ်ခွန်းဆက် အမှာစကား ပြောကြားပြီး ချည်ဖြူဖွဲ့မင်္ဂလာ (စုပေါင်းလိပ်ပြာခေါ်ပွဲ) အကြောင်း စာတမ်းဖတ်ကြားကာ တိုင်းဒေသကြီးအဆင့် ဝါခေါင်လ ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာ (စုပေါင်းလိပ်ပြာခေါ်ပွဲ) ကျင်းပရေးကော်မတီ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဧည့်သည်တော်များအား ဘိုးဘွားများက ကရင်ရိုးရာ ချည်ဖြူဖွဲ့ပေးခဲ့ကြပြီး (အပေါ်ပုံ) ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ထို့နောက် ရေကြည်မြို့နယ် ဆီဆုံကုန်း ကျေးရွာအုပ်စု တောင်သူ ဦးကျော်ကျော်ဦး၏ စိုက်ကေ ငါးဧကတွင် အောင်နိုင်တိုး စပါးမျိုးအား ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် စုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲနှင့် ပေါင်းလိုက်တမန်းနှိုးပွဲကို တက်ရောက်ကြည့်ရှုအားပေးခဲ့ပြီး တောင်သူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က သီးနှံစုံ ပန်းတိုင်အထွက်နှုန်း ရောက်ရှိရေးအတွက် အခြေခံလိုအပ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း မှန်ကန်စွာ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရန်၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျသုံးစွဲရန်နှင့် တိုင်းဒေသကြီး၏ မိုးစပါး ပန်းတိုင်အထွက်နှုန်း ရောက်ရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး ဓာတ်မြေဩဇာ ကြဲပက်ခြင်းနှင့် ပေါင်းလိုက်တမန်းနှိုးရာတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် တောင်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

○ ရှေ့ဖုံးမှ

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဖြေဆို၊ အောင်မြင်သူနှင့် အောင်ချက်ရာခိုင်နှုန်းများကို အောက်ဖော်ပြပါဇယားဖြင့် ထုတ်ပြန်ကြေညာထားသည်။

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ
ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဖြေဆို/အောင်မြင်ဦးရေပြဇယား

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ဖြေဆိုဦးရေ | အောင်မြင်ဦးရေ | အောင်မြင်ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၈၅၈၄ | ၄၁၀၀ | ၄၇.၇၆% |
| ၂ | ကယားပြည်နယ် | ၁၃၂ | ၆၈ | ၅၁.၅၂% |
| ၃ | ကရင်ပြည်နယ် | ၃၃၄၈ | ၁၅၀၀ | ၄၄.၈၀% |
| ၄ | ချင်းပြည်နယ် | ၄၀၈ | ၁၁၀ | ၂၆.၉၆% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၉၇၀၅ | ၄၂၄၁ | ၄၃.၇၀% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၄၅၄၁ | ၂၂၉၇ | ၅၀.၅၈% |
| ၇ | နေပြည်တော် | ၁၂၄၀၇ | ၅၇၄၁ | ၄၆.၂၇% |
| ၈ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၁၂၃၉၆ | ၅၇၄၄ | ၄၆.၃၄% |
| ၉ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ၉၆၈၅ | ၃၀၂၇ | ၃၁.၂၅% |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၁၇၈၇၇ | ၉၂၀၇ | ၅၁.၅၀% |
| ၁၁ | မန္တလေးတိုင်းဒေသကြီး | ၃၃၇၉၁ | ၁၆၇၆၆ | ၄၉.၆၂% |
| ၁၂ | မွန်ပြည်နယ် | ၈၉၇၂ | ၅၁၂၈ | ၅၇.၁၆% |
| ၁၃ | ရခိုင်ပြည်နယ် | ၁၅၆၄ | ၅၅၀ | ၃၅.၁၇% |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး | ၃၇၄၆၇ | ၁၉၃၆၆ | ၅၁.၆၉% |
| ၁၅ | ရှမ်းပြည်နယ်(တောင်) | ၁၂၄၀၇ | ၆၀၃၅ | ၄၈.၆၄% |
| ၁၆ | ရှမ်းပြည်နယ်(မြောက်) | ၆၅၈ | ၂၇၉ | ၄၂.၄၀% |
| ၁၇ | ရှမ်းပြည်နယ်(အရှေ့) | ၁၆၉၅ | ၆၃၉ | ၃၇.၇၀% |
| ၁၈ | ဧရာဝတီတိုင်းဒေသကြီး | ၃၂၂၄၁ | ၁၅၁၀၇ | ၄၆.၈၆% |
| ၁၉ | နိုင်ငံခြား | ၂၀ | ၁၉ | ၉၅.၀၀% |
| | စုစုပေါင်း | ၂၀၇၈၉၈ | ၉၉၉၂၄ | ၄၈.၀၆% |

ပညာရေးဝန်ကြီးဌာန

# တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ငလျင်ဒဏ်သင့် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့၌ ကွင်းဆင်းဆောင်ရွက်

## မကြာမီကျင်းပမည့် ရွေးကောက်ပွဲအောင်မြင်စေရေး ပြည်သူလူထုအားနှင့် စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်ကြမည်

မန္တလေး ဇူလိုင် ၂၆

**တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းတို့ ဦးဆောင်သည့် လုပ်ငန်းကော်မတီအဖွဲ့သည် ယနေ့တွင် ငလျင်ဒဏ်သင့် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့၌ တာဝန်ရှိသူများနှင့် အစည်းအဝေးပြုလုပ်ခြင်း၊ ကွင်းဆင်းကြည့်ရှုအားပေးခြင်းများ ဆောင်ရွက်သည်။**

နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် (ယာပုံ) က အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းကော်မတီတစ်ရပ်ဖြစ်ပြီး ဗဟိုအစိုးရနှင့် ဒေသန္တရအစိုးရအဖွဲ့များအပြင် လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် နိုင်ငံတကာ တို့၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက်အောင်မြင်စေရန်နှင့် ပိုင်းဝန်းဆောင်ရွက်နိုင်ရန်အတွက် ပေါင်းစည်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဦးစားပေးအဆင့်လိုက် လုပ်ငန်းစဉ်လျာထားပြီး ကာလတို၊ ကာလလတ်နှင့် ကာလရှည် ခွဲခြား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်မီဒီယာအနေဖြင့် အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းစဉ်များအတိုင်း သတင်းအချက်အလက်များ စဉ်ဆက်မပြတ်ထုတ်ပြန်ပေးခြင်း၊ အသိပညာမျှဝေပေးခြင်းတို့အပြင် အနုပညာရှင်များ၏ စွမ်းအားနှင့်ပေါင်းစပ်၍ ဘေးသင့်ဒေသများအထိ သွားရောက်ပြီး စာနာမှု၊ အားပေးမှုနှင့် စိတ်ခွန်အားမြှင့်တင်မှုတို့ဖြင့် ဖျော်ဖြေရေးလုပ်ငန်းများလည်း ဆောင်ရွက်ပေးနေပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူး၊ ရမည်းသင်းခရိုင် အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးနှင့် စည်ပင်သာယာရေးဝန်ကြီးတို့က ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ငလျင်ဒဏ်သင့်ဘုရား၊ စေတီနှင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးမှုနှင့် ပြန်လည်တည်ဆောက်မည့် အခြေအနေများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်က ငလျင်ဘေးသင့်ဒေသများတွင် အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ထားမှုများကိုလည်းကောင်း၊ လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးက လုပ်ငန်းခွဲများအလိုက်ဆောင်ရွက်မှုနှင့် ဆက်လက်တင်ပြဆောင်ရွက်ပေးမည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အနယ်နယ်အရပ်ရပ်မှ ကျွမ်းကျင်လုပ်သားများဖြင့် လုပ်ငန်းများ ထိရောက်အောင်ဆောင်ရွက်နိုင်ရေး၊ ဦးစားပေးဆောင်ရွက်ရမည့် ကျေးရွာများ၌ လုပ်ငန်းများဆောင်ရွက်ရာတွင် လူငယ်များ ပါဝင်လုပ်ဆောင်နိုင်ရေး၊ နိုင်ငံတကာ အကူအညီများ ရရှိအသုံးပြုနိုင်ရေး၊ ကြက်ခြေနီအသင်း ပါဝင်ဆောင်ရွက်နိုင်ရေး၊ နယ်လှည့်ဖျော်ဖြေရေး၊ စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်ရန် ပညာပေးရေးတို့ကို ဆွေးနွေးပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အကြောင်းအရာနှင့် ရလဒ်ဦးစားပေးသတင်းများ ထုတ်ပြန်နိုင်ရေး၊ လူငယ်များ နေရာပေးနိုင်ရေးနှင့် နယ်လှည့်ဖျော်ဖြေရေးကိစ္စများကို ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။



အဆိုပါ လုပ်ငန်းကော်မတီအဖွဲ့သည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ဆင်ကျုံးယာယီဝန်ထမ်းအိမ်ရာသို့ရောက်ရှိပြီး ဝန်ထမ်း ၁၅၀ အတွက် Container House ၁၅၀ နှင့် အုပ်ချုပ်မှုကိစ္စရပ်များ စီမံဆောင်ရွက်ပေးထားမှုကိုလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းနှင့် လမ်း ၁၁၀ ထောင့်ရှိ မန္တလေး KBZ Center သို့ ရောက်ရှိပြီး ပြည်သူများ အခမဲ့ဆေးကုသနိုင်ရန် အုပ်ချုပ်မှုကိစ္စရပ်များ စီမံဆောင်ရွက်ပေးထားမှု၊ ရေရှည်ကူညီထောက်ပံ့နိုင်ရန် ချေးငွေစီစဉ်ပေးထားမှု၊ ပြန်လည်တည်ဆောက်ရေးအတွက် အဆင့်မီသံချောင်းများ သင့်တင့်သောဈေးနှုန်းနှင့် ရောင်းချပေးရန် စီစဉ်ထားရှိမှု၊ သံချည်သံကွေးဆောက်လုပ်ရေးဆိုင်ရာ ပညာမျှဝေပေးမှု၊ အရေးပေါ်အသက်ကယ်လှေများ အသင့်စုဖွဲ့ထားရှိမှုတို့ကိုလည်းကောင်း၊ အမရပူရမြို့နယ်ရှိ ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းသို့ ရောက်ရှိပြီး ရက်ကန်းလုပ်ငန်းနှင့် ပန်းပုလုပ်ငန်း လုပ်ကိုင်နေကြသော ပြည်သူများ၏ လိုအပ်ချက်များ စီစဉ်ဆောင်ရွက်ပေးနိုင်ရေး နည်းလမ်းဖော်ထုတ်၍ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးပြောကြားခဲ့ပြီး နေရာတစ်ခုစီအတွက် MRTV DTH အစုံ ၁၀ စုံစီနှင့် MRTV DVB T-2 Set Top Boxအစုံ ၂၀ စီဖြင့် စုစုပေါင်း DTH အစုံ ၃၀ နှင့် Set Top Box အစုံ ၆၀ တို့ကို ပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် စစ်ကိုင်းခရိုင်အုပ်ချုပ်ရေးမှူးအဖွဲ့ရုံး၌ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က နိုင်ငံတော်အစိုးရအဖွဲ့အစည်းအဆင့်ဆင့်နှင့် လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် နိုင်ငံတကာမှ ကူညီထောက်ပံ့မှုများ မျှဉ်းပြိုင်သဖွယ်ဆောင်ရွက်မှုပုံစံမှ ပေါင်းစည်း၍ ပိုမိုထိရောက်ပြီး အကျိုးကျေးဇူးရှိနိုင်ရန်နှင့် ဝိုင်းဝန်းဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း၊ စစ်ကိုင်းမြို့၏ အထင်ကရ ငွေထည်လုပ်ငန်းများ ပြန်လည်ကောင်းမွန်စေရေး ဖြည့်ဆည်းမှုများ ပြုလုပ်နိုင်ရန် လိုအပ်ပါကြောင်း၊ စစ်ကိုင်းမြို့ တည်ငြိမ်အေးချမ်းလာမှုနှင့်အတူ ဆက်လက်၍ တိုးချဲ့ဆောင်ရွက်နိုင်ရေး နိုင်ငံတော်နှင့်ပြည်သူလက်တွဲပေါင်းစပ်၍ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်မီဒီယာအနေဖြင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မကြာမီကျင်းပမည့် ရွေးကောက်ပွဲအောင်မြင်စေရေး ပြည်သူလူထုအားနှင့် စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က နယ်မြေဒေသအလိုက် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်၍ ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများ အမြန်ဆောင်ရွက်နိုင်ရန် ဆွေးနွေးပြောကြားကာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အတွက် MRTV DTH အစုံ ၅၀ နှင့် MRTV DVB T-2 Set Top Box အစုံ ၁၅၀ အား လွှဲပြောင်းပေးအပ်သည်။

အဆိုပါ လုပ်ငန်းကော်မတီအဖွဲ့သည် စစ်ကိုင်းမြို့ မဟာစည်းခုံကြီးဘုရားဝင်းအတွင်းရှိ ယာယီဝန်ထမ်းအိမ်ရာသို့ သွားရောက်ပြီး ဝန်ထမ်းမိသားစု ၃၆ စုအတွက် Container House များနှင့် အုပ်ချုပ်မှုကိစ္စရပ်များ စီမံဆောင်ရွက်ပေးထားမှုကို ကြည့်ရှု၍ ဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝန်ထမ်းမိသားစုများအတွက် MRTV DTH အစုံ ၁၀ စုံနှင့် MRTV DVB T-2 Set Top Box အစုံ ၂၀ တို့ကိုပေးအပ်သည်။

ထို့နောက် စစ်ကိုင်းမြို့ ရွာထောင် မီးရထားဒီဇယ်စက်ခေါင်းဝင်းအနီးရှိ မြေ ၆ ဧကခန့်တွင် Container House များဖြင့် ထပ်မံနေရာချထားနိုင်ရေးကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေး Commercial Area ရှိ Ocean Super Center, Shops Houses နှင့် လမ်းလျှောက်ဈေးတို့သို့ သွားရောက်ပြီး ပြည်သူများ ဈေးဝယ်/အပန်းဖြေမှုများဖြင့် စည်ကားနေမှုကို လိုက်လံကြည့်ရှုပြီး ဈေးရောင်းသူနှင့် ဈေးဝယ်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ မင်္ဂလာမန္တလေးဧရိယာရှိ အဆောက်အအုံများမှာ မြေငလျင်ဒဏ် ထိခိုက်မှုများရှိခဲ့သော်လည်း စံချိန်စံညွှန်းနှင့်အညီ အမြန်ပြန်လည်ပြုပြင်ပြီး သက်ဆိုင်ရာ၏ စစ်ဆေးမှုများရယူကာ ဇွန် ၁ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ရာ ယခုအခါ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိလာပြီး ရောင်း/ဝယ် လည်ပတ်မှု၊ အပန်းဖြေ အနားယူမှုများဖြင့် ပြန်လည်စည်ကားလာခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးရွာသွန်းခြင်းနှင့်အတူ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း ဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၂၆

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင် ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

နောက်နှစ်ရက်အတွင်း ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုနေမည်ဖြစ်သည်။ မိုး/ဇလ

# အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) လေသန့်စင်အလုပ်ရုံရှိ Air Compressor များ စမ်းသပ်လည်ပတ်မောင်းနှင်ခြင်း အခမ်းအနားကျင်းပ

## တစ်နာရီလျှင် အောက်ဆီဂျင်ဓာတ်ငွေ့ ၂၀၀၀၀ မှ ၄၀၀၀၀ Nm³ (Normal Cubic Meter) နှင့် နိုက်ထရိုဂျင်ဓာတ်ငွေ့ ၄၀၀ မှ ၁၂၀၀ Nm³ ထုတ်လုပ်နိုင်မည်

နေပြည်တော် ဇူလိုင် ၂၆

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) ရှိ လေသန့်စင်အလုပ်ရုံတွင် တပ်ဆင်ထားရှိသည့် Air Compressor များ စမ်းသပ်လည်ပတ်မောင်းနှင်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါစက်ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဗဟို ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရုရှားနိုင်ငံ TPE Co., Ltd. မှ အင်ဂျင်နီယာချုပ်၊ AGS Co., Ltd. မှ ညွှန်ကြားရေးမှူးချုပ်၊ Rostec မှ ကိုယ်စားလှယ်နှင့် ကျွမ်းကျင်ပညာရှင်များ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် လေသန့်စင်အလုပ်ရုံတွင် တပ်ဆင်ထားရှိသည့် Air Compressor အမှတ် (၁)အား ထိန်းချုပ်ခန်းမှ ခလုတ်နှိပ်၍ စမ်းသပ်လည်ပတ်မောင်းနှင်ပြီး Air Compressor လည်ပတ်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုအားပေးကာ Air Compressor အမှတ်(၂) အား စမ်းသပ်လည်ပတ်မောင်းနှင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သည်။

အစီအစဉ် ဒုတိယပိုင်းကို စက်ရုံစုပေါင်းစားရိပ်သာ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် TPE မှ အဆိုပြုသော သတ်မှတ်ချက် (၃) ခုဖြင့် ဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခွင့်ပြုချက် ရရှိထားပြီးဖြစ်၍ သတ်မှတ်ချက် (၁) ဖြစ်သည့် လေသန့်စင်အလုပ်ရုံ လည်ပတ်နိုင်ရေးကို စတင်ဆောင်ရွက်ခဲ့ကြောင်း၊ လေသန့်စင်အလုပ်ရုံ အနေဖြင့် တပ်ဆင်စက်စွမ်းအားအရ တစ်နာရီလျှင် အောက်ဆီဂျင်ဓာတ်ငွေ့ ၂၀၀၀၀ မှ ၄၀၀၀၀ Nm³ ( Normal Cubic Meter ) နှင့် နိုက်ထရိုဂျင်ဓာတ်ငွေ့ ၄၀၀ မှ ၁၂၀၀ Nm³ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ရိုမက်သံရည်ကျိုအလုပ်ရုံ လည်ပတ်ရန်အတွက် တစ်နာရီလျှင် အောက်ဆီဂျင်ဓာတ်ငွေ့ ၃၃၀၀၀ Nm³ နှင့် နိုက်ထရိုဂျင် ဓာတ်ငွေ့ ၂၁၈ Nm³ သာ လိုအပ်မည်ဖြစ်သောကြောင့် လုံလောက်စွာ ထုတ်လုပ်ပေးနိုင်မည်ကို တွေ့ရှိရကြောင်း။

လေသန့်စင်အလုပ်ရုံ ပြန်လည် လည်ပတ်နိုင်ရန်အတွက် TPE Co., Ltd. မှ ပညာရှင်တစ်ဦးနှင့် AGS Co., Ltd. မှ ပညာရှင်ကိုးဦးတို့ဖြင့် ၂၀၂၅ ခုနှစ် မေ ၁၂ ရက်မှစ၍ တပ်ဆင်ထားရှိသည့် စက်ပစ္စည်းကိရိယာများကို စစ်ဆေးခြင်း၊ တပ်ဆင်ခြင်း လုပ်ငန်းများကို စက်ရုံရှိ ကျွမ်းကျင်အင်ဂျင်နီယာများနှင့် ပူးပေါင်းကြိုးပမ်း အားထုတ်မှုကြောင့် ယခုအခါ လေသန့်စင်အလုပ်ရုံ၏ အဓိက အစိတ်အပိုင်းဖြစ်သည့် Air Compressor များကို အောင်မြင်အောင် စမ်းသပ်လည်ပတ်နိုင်ခြင်း ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ TPE Co., Ltd. မှ အင်ဂျင်နီယာချုပ် Mr. SENIN၊ AGS Co., Ltd. မှ ညွှန်ကြားရေးမှူးချုပ် Mr. KONEV နှင့် Rostec မှ ကိုယ်စားလှယ် Mr. VLADISLAV တို့က လေသန့်စင်အလုပ်ရုံ အောင်မြင်စွာ လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှု၊ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်း Air Compressor များ စမ်းသပ်လည်ပတ်မောင်းနှင်နိုင်မှု အထိမ်းအမှတ် အမှတ်တရ လက်ဆောင်ကို ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)ရှိ ဝန်ထမ်းများကို ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၅၀ ပေးအပ်ရာ စက်ရုံမှူးက လက်ခံရယူပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းရှိ စီမံကိန်းလုပ်ငန်းများကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ပြန်လည်စတင်ခဲ့ပြီး စက်ရုံရှိ အလုပ်ရုံ ၁၉ ရုံအား စက်စမ်းသပ်လည်ပတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းအား ၂၀၂၆ ခုနှစ် နိုဝင်ဘာလတွင် အပြီးသတ်ဆောင်ရွက်ကာ စက်ရုံ စတင်လည်ပတ်ထုတ်လုပ်နိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

# လယ်ဝေးမြို့နယ် ကုန်းပေါ်စုကျေးရွာ ပညာ့အားမာန်စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၆

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ပေတုန်းမျှောင်ကျေးရွာအုပ်စု ကုန်းပေါ်စုကျေးရွာ ပညာ့အားမာန် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။



ဦးစွာ ပညာ့အားမာန်စာကြည့်တိုက်ကို ပြည်ထောင်စုနယ်မြေ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ လယ်ဝေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းကို၊ နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လွင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရ၊ အုပ်စုအုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းစိုးတို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုနယ်မြေ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အမှာစကားပြောကြားပြီး စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူရထံ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် နေပြည်တော်ကောင်စီမှ လှူဒါန်းသည့် အလှူငွေများ၊ MRTV DTH စလောင်းနှင့် MRTV DVB T-2 Set Top Box တစ်စုံတို့ကိုလှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖ များက လက်ခံရယူသည်။ ဆက်လက်၍ လယ်ဝေးခရိုင် အုပ်ချုပ်ရေးမှူး ဦးဇင်မင်းကိုက အလှူငွေကျပ် ၇၅ သိန်း လှူဒါန်းသည့် ကျေးရွာပြည်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့နောက် လယ်ဝေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သီတာဟန်၊ ပြည်ထောင်စုနယ်မြေ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်တာနှင့် အလှူရှင်များက သုတ ရသစာအုပ်များ လှူဒါန်းရာ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များက လက်ခံရယူသည်။ မြို့နယ်(ပြန်/ဆက်)



# စဉ့်ကိုင်မြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား UID (ခေါ်) Smart Cardများ ဆောင်ရွက်ပေး

စဉ့်ကိုင် ဇူလိုင် ၂၆

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးဉာဏ်စိုးနှင့် ဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ပင်စင်ဘဏ်ထုတ်ရာတွင် ပိုမိုလွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန်၊ UID နံပါတ်များကိုရယူပြီး မြန်မာ့စီးပွားရေးဘဏ်၏ Centralized e-Pension အစီအစဉ်တွင် ထည့်သွင်းနိုင်ရန် UID(Unique Identity) (ခေါ်) Smart Card များကို ယမန်နေ့နံနက်ပိုင်းက ပြုလုပ်ဆောင်ရွက်ပေးကြသည်။

မြို့နယ်(ပြန်/ဆက်)

● ရှေ့ဖုံးမှ

ထို့ပြင် တပ်မတော်မှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်း၍ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၄၅ ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးကြသည်။



နောင်ချိုမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီး အချိန်မီ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများက ဆေးရုံပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများ တူးဖော်ဆယ်တင်ပေးခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်

သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက်
ရှေ့တိုက်ကိုစိုး။

# ကျောက်ဆည်တက္ကသိုလ်ဆီသို့ အလည်တစ်ခေါက်ရောက်ခဲ့စဉ်က

မြင့်သန်း(စိမ်းလန်းမြေ)

တစ်ရက်မှာ မမျှော်လင့်ဘဲ ကျောက်ဆည်တက္ကသိုလ် စားသောက်ဆိုင်တန်းမှာ မိတ်ဆွေစာရေးဆရာဖြစ်သူ ဆရာ နန္ဒလောကမင်းနှင့် အမှတ်မထင်တွေ့ဆုံခဲ့ရာ ဗျို့ … ဆရာ လောကမင်း တစ်ယောက်တည်းလားဗျ၊ ဒီကိုဘာလာလုပ်တာလဲ။ ဟာ…ဆရာ စိမ်းလန်းမြေပါလား၊ လာဗျာ ဒီမှာထိုင်၊ ဘာသောက်မလဲ ကြိုက်တာမှာဗျာ။

ကျွန်တော်လည်း ဆရာလောကမင်းဘေးက ခုံလွတ်မှာ ဝင်ထိုင်လိုက်တယ်ဆိုရင်ပဲ ဆရာစိမ်းလန်း ကျောင်းထဲကို ဘာကိစ္စရှိလို့လည်းဗျ။

အေးဗျာ…မိတ်ဆွေတစ်ဦးနဲ့လိုက်လာတာလေ။ ဒါနဲ့ဆရာ လောကမင်းကကော ဘာလာလုပ်တာလဲ။ ကျွန်တော့်အမျိုးသမီးက မြန်မာစာဌာနက ကထိကလေ။ သူ့ကိုလိုက်ပို့တာပေါ့။ ဟုတ်လား မသိပါဘူးဗျာ။ အေးဗျ၊ စကားမစပ်မိလို့ မပြောဖြစ်တာပါ။ အော်… ဒါနဲ့ ဆရာလောကမင်း ခုချိန်က အဝေးသင် တက္ကသိုလ်တွေ ဖွင့်တဲ့အချိန်နော်။ ဟုတ်ပါ့ဗျာ၊ ဒါကြောင့် ကျောင်းထဲမှာ ကျောင်းသူ၊ ကျောင်းသားတွေနဲ့ ပြည့်နေတာပေါ့။ ကြည့်ပါ့လား၊ ကျောင်းသားမဟုတ်တဲ့ ခင်ဗျားနဲ့ကျွန်တော့်လို သက်ကျားအိုတွေကတော့ တွေ့ရခဲတာပေါ့ဗျာ၊ ဟားဟား။ ဆရာလောကမင်းကတော့ လုပ်ပြီ။ ကျွန်တော်တို့တစ်တွေက မအိုသေးပါဘူးဗျ၊ ခုမှ ဘဝ အစ လေးဆယ်ကျော်လေးပဲရှိသေးတာပါ ဟဲဟဲဟဲ။

ကျွန်တော်လည်း ဆရာလောကမင်းကို ဟာသပြန်လုပ်ရင်း ဈေးဆိုင်တန်းတစ်ဝိုက်ကို မျက်စိကစားကြည့်လိုက်ကာ စိတ်ဝင်တစားဖြင့် နားစိုက်နားထောင်နေလိုက်မိသည်။

ကျောင်းဈေးဆိုင်တန်းအတွင်းနှင့် တမာပင်အောက်ရှိ ထိုင်ခုံများတွင် နေရာလွတ်မရှိအောင် စည်ကားလျက်ရှိသည်။ အရွယ်စုံ အရောင်အသွေးစုံ မိန်းကလေး၊ ယောက်ျားလေးများစွာတို့သည် နှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ လေးယောက်တွဲစသည်ဖြင့် အုပ်စုလိုက်ထိုင်နေကြသည်ကို တွေ့ရသည်။

ပျားပန်းခပ်မျှ လှုပ်ရှားလျက်ရှိသော စားပွဲထိုးများ၏ လှုပ်ရှားမှုများနှင့်အတူ ထမင်းကြော်၊ ဆီဆမ်း၊ ဖက်ထုပ်ကြော်၊ ကြာဆံကြော်၊ ပဲရှုးထမင်းကြော်စသည်ဖြင့် လှမ်းမှာသူကမှာ ချသူကချ၊ ဖျော်ရည်မှာသူ၊ ရေသန့်မှာသူများဖြင့် အသံများမှာ ဆူညံလျက်ရှိသည်။

အနီးအသံများကာ အညာဒေသတစ်ခုမှာရှိသော ကျောက်ဆည်တက္ကသိုလ်၏ အဝေးသင် သင်တန်းများဖွင့်ချိန် ကြားနေရသောအသံများပင် ဖြစ်သည်။

တက္ကသိုလ် ပရိဝုဏ်အတွင်းရှိ စားသောက်ဆိုင်မှန်သမျှသည် အဝေးသင်ဖွင့်ချိန်ဆိုလျှင် ရောင်းကောင်းသည့်အချိန် ကာလတစ်ခုပင်ဖြစ်သည်။ ဆိုင်ထဲက ထွက်သူထွက်၊ ဝင်သူဝင်ဖြင့် ပွဲဈေးတန်းသဖွယ် စည်ကားနေ၏။ နေရာမရသေးသူတို့က နေရာလွတ်များရှာဖွေကာ ပေါင်း၍ ထိုင်ကြသည်။

ဆိုင်ရှင်တို့၏ မျက်နှာကား ပျားသကာကဲ့သို့ ပြုံးချိုနေ၏။ တချို့စုံတွဲများကာ ခေါင်းချင်းထိမတတ် တွတ်ထိုးနေကြ၏။ ကျောင်းတက်ချိန် ၁၀ ရက်အတွင်း အလွမ်းသယ်နေကြသည်။ စာအကြောင်း ဆွေးနွေးသူများလည်း မရှိမဟုတ်ရှိသည်။ အရေအတွက်ကား နည်းပါးလှပါသည်။ အများစုမှာ ရောက်တတ်ရာရာများကို တောင်စဉ်ရေမရ ပြောဆိုနေကြလေသည်။

အဝေးသင်တက္ကသိုလ်ဆိုသည်ကား အစိုးရဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ပြင်ပအလုပ်လုပ်ကိုင်သူများ၊ နေ့သင်တန်း တက်ရောက်ရန် အချိန်မပေးနိုင်သူများသာ လာရောက်တက်ရောက်သည့် တက္ကသိုလ်တစ်ခုဟုဆိုလျှင် မမှားပေ။

ကျောက်ဆည်တက္ကသိုလ်သည် စဉ့်ကိုင်မြို့နယ်၊ တောမကျေးရွာအတွင်း၌ တည်ရှိသည်။ ကျောက်ဆည်တက္ကသိုလ် ပရိဝုဏ်အတွင်း ပျားပန်းခပ်မျှသွားလာလှုပ်ရှားနေကြသော ကျောင်းသားလူငယ်၊ လူရွယ်များကာ မတူညီသည့်နေရာဒေသစုံမှ လာရောက်ကြသည့် တိုင်းရင်းသားများပင် ဖြစ်ကြသည်။

အဝေးသင်တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသား အများစုသည် ကျောင်းမှ သင်ကြားသော အနီးကပ်သင်တန်းထက် ပြင်ပကသင်ကြားသောကျူရှင်များ၊ စာအုပ်စာတမ်းများကိုသာ အလေးထားလေ့ရှိကြသည်ကို သူတို့အချင်းချင်း ပြောဆိုနေကြသည်များကို ကြားခဲ့ရသဖြင့် သိခဲ့ရသည်။

အတန်းချိန်တွင် ကျောင်းဈေးတန်း (Canteen)၌သာ အချိန်ကုန်လေ့ရှိကြသည်။ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားဘဝသည် လွတ်လပ်သည်၊ တက်ကြွသည်၊ ပျော်ပါးသည်၊ အပူပင်ကင်းမဲ့ကြသည်မှာ လူငယ်သဘာဝပင်ဖြစ်သည်။ မိမိကိုယ်တိုင်ပင် တက္ကသိုလ်ကျောင်းသားဘဝသို့ ပြန်ရောက်ချင်စိတ်များ ဖြစ်ပေါ်မိသည်။

တက္ကသိုလ်မှ သက်ဆိုင်ရာဘာသာရပ်အလိုက် သင်ကြားရေးဆရာ၊ ဆရာမများသည် ၄င်းတို့သင်ကြားရမည့် ဘာသာအလိုက် ကျောင်းသူ၊ ကျောင်းသားများ နားလည်တတ်ကျွမ်းစေရန်အတွက် စေတနာအပြည့်ဖြင့် သင်ကြားပေးကြသော်လည်း စိတ်ဝင်တစားသင်ကြား နာခံကြသူများရှိသလို သာမန်မျှသာ နာခံကြသော ကျောင်းသူ၊ ကျောင်းသားများမှာလည်း ဒုနဲ့ဒေးပင်။

အဝေးသင်တက္ကသိုလ်သင်တန်းများ ဖွင့်ချိန်ဆိုလျှင် သင်ကြားရေးဆရာ၊ ဆရာမများ အလုပ်ရှုပ်ကြရသည်။ များပြားလှသော စာသင်ချိန်များကို အလျဉ်မီအောင် ပြေးလွှားသင်ကြားကြရ၏။ အနီးကပ်သင်တန်းများပို့ချပြီး၍ စာမေးပွဲများ ဖြေဆိုချိန်တွင်လည်း အနားမရကြပေ၊ စာမေးပွဲခန်းစောင့်ကြရပြန်သည်။ စာမေးပွဲဖြေပြီးပါက သက်ဆိုင်ရာ ဘာသာရပ်အလိုက် စစ်ဆေးကြရသည်။ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်ပါမကျန် စစ်ဆေးကြရကြောင်းကို မိတ်ဆွေစာရေးဆရာက ပြောပြသည်။

အဝေးသင်ဖွင့်ချိန်ဆိုပါက တောမရွာအတွင်းမှာလည်း ကျောင်းသား၊ ကျောင်းသူများဖြင့် စည်ကားလျက်ရှိသည်။ စားသောက်ဆိုင်ဖွင့်သူများ၊ အဆောင်ဖွင့်သူများ၊ မုန့်ပဲသရေစာရောင်းသူများအနေဖြင့် လက်ဖျားငွေသီးကာ ပျော်ရွှင်ရသောကာလများပင် ဖြစ်သည်။ ကျောက်ဆည်တက္ကသိုလ်သည် အဝေးသင်ကျောင်းသားအများဆုံးရှိသော တက္ကသိုလ်ကြီးဖြစ်သည်ကို တွေ့ရသည်။

အဝေးသင်ဖွင့်ချိန်ကာလဖြစ်သောကြောင့် တက္ကသိုလ်ပရိဝုဏ်အတွင်း၌ ကျောင်းသား၊ ကျောင်းသူများဖြင့် စည်ကားလျက်ရှိသည်။ တချို့လည်း မိန်းအဆောက်အအုံကြီးဖြင့် အမှတ်တရဓာတ်ပုံရိုက်သူများ၊ အဖွဲ့လိုက်ဓာတ်ပုံရိုက်သူများကိုလည်း တွေ့ရသည်။ တချို့မှာ သစ်ပင်များအောက်ရှိ ထိုင်ခုံများတွင်ထိုင်ကာ စာအကြောင်း ဆွေးနွေးကြ၏။ တချို့မှာ မုန့်ပဲသရေစာစားရင်း စကားပြောနေကြ၏။ သမီးရည်းစားစုံတွဲများမှာ ကြားလေတိုးလျှင်ပင် ဝေးမှာစိုးသည်ထင်ရ၏။ အနီးမြင်ကွင်းများသည်ကား ကျောက်ဆည်တက္ကသိုလ်အတွင်းမှ မရိုးနိုင်သော၊မမေ့နိုင်သော ကြည်နူးဖွယ်မြင်ကွင်းများပင် ဖြစ်ကြသည်။

အဝေးသင်စာမေးပွဲကြီးပြီးဆုံး၍ မိမိတို့အရပ်ဒေသများကို ပြန်ကြရတော့မည်ဆိုလျှင်လည်း ပျော်သူကပျော်၏၊ ငိုသူကငို၏၊ မခွဲမခွာနိုင်ဖြစ်သူကဖြစ်၏။ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်းတို့ ပေါင်းစုံလျက်ရှိသောမြင်ကွင်းတစ်ခုပင်ဖြစ်လိမ့်မည်ဟု တွေးတောနေမိသည်။

ဗျို့…ဆရာစိမ်းလန်း ဘာတွေကြည့်၊ ဘာတွေတွေးပြီး ငယ်မူတွေများပြန်နေပြီလားဗျ။ ဒီမှာ လက်ဖက်ရည်တွေအေးကုန်ပြီ သောက်လိုက်ဦးလေ။ ဆရာလောကမင်းပြောမှ မိမိလည်း အတွေးနယ်ချဲ့တာကိုရပ်လိုက်ပြီး အေးဗျာ… ကလေးတွေကိုကြည့်ပြီး အားကျ သွားလို့ပါ။

ဟော…ဟိုမှာ ကျွန်တော့်မိတ်ဆွေတောင် လာနေပြီ။ ခင်ဗျားနဲ့ မိတ်ဆက်ပေးမယ်။ လာဗျို့ ဦးကျော်ကျော်ဌေး၊ ဒါကျွန်တော့်စာပေမိတ်ဆွေ ဆရာနန္ဒလောကမင်းပဲ၊ ဆရာလောကမင်းသူကတော့ သမားတော်ကြီး ဦးကျော်ကျော်ဌေးပေါ့ဗျာ။ ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်ခင်ဗျာ။ ကဲ… ခင်ဗျားတို့နှစ်ဦး စကားပြောကြဦး ကျွန်တော် ကျောင်းထဲလျှောက်ကြည့်လိုက်ဦးမယ်။ မိတ်ဆွေနှစ်ဦး စကားပြောနေကြတဲ့အချိန်မှာ မိမိလည်းကျောင်းအတွင်း လိုက်လံကြည့်ရှုနေမိပါတော့တယ်။ တကယ်တော့ ကျောက်ဆည်တက္ကသိုလ်ကြီးက အလွန်ကျယ်ပြန့်တဲ့ မြေနေရာမှာတည်ထားတာဖြစ်ပါတယ်။ ကျောင်းအတွင်းမှာလည်း အရိပ်အာဝါသကောင်းမွန်တဲ့ နှစ်ရှည်ပင်ကြီးတွေ အများအပြားတွေ့ရပြီး ကျောင်းသားတွေ အနားယူအပန်းဖြေနိုင်အောင် စင်္ကြံထိုင်ခုံလေးတွေ ထားပေးပါတယ်။ ကျောင်းဝင်းတစ်ခုလုံးမှာလည်း အမှိုက်သရိုက် ကင်းစင်နေတာကို တွေ့ရပါတယ်။ ကျောင်းကြီးရဲ့အရှေ့ဘက်က တောင်တန်းကြီးကြောင့်လည်း အေးမြသန့်ရှင်းတဲ့လေကို ရှုရှိုက်မိပါတယ်။

ဒီကျောက်ဆည်တက္ကသိုလ်ကြီးကြောင့်လည်း အနီးနား ပတ်ဝန်းကျင်က ဒေသခံတွေအနေနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ပွင့်ပြီး စီးပွားရေးတွေလည်း ပြေလည်လာခဲ့ကြသလို ကျောက်ဆည်၊ စဉ့်ကိုင်မြို့နဲ့အနီးက ကျောင်းသူ၊ ကျောင်းသားတွေအနေနဲ့လည်း ကိုယ့်မြို့ကိုယ့်ဒေသမှာပဲနေထိုင်ပြီး အဆင့်မြင့်ပညာရပ်တွေကို အေးအေးချမ်းချမ်းနဲ့ သင်ယူနိုင်ခဲ့ကြတာဖြစ်ပါတယ်။ ဒါတွေဟာ ယခင်တပ်မတော်အစိုးရလက်ထက်က နိုင်ငံတော်အကြီးအကဲတွေရဲ့ အမြော်အမြင်ကြီးမှု၊ ဒေသခံပြည်သူတွေအပေါ် စေတနာထားရှိမှုတွေကြောင့် ဖြစ်ပါတယ်။ မိမိလည်း ကျောင်းတစ်ပတ်ကြည့်ပြီး ဆိုင်တန်းဘက်ပြန်ရောက်လာတော့ မိတ်ဆွေနှစ်ဦးလည်း စကားဖောင်ဖွဲ့လို့ မပြီးကြသေးပါဘူး။

ကဲ… ဆရာကျော်နဲ့ဆရာလောကမင်းရေ ဘာတွေများ စကားကောင်းနေကြတာလဲဗျ။ ဒီလိုပါပဲ ရောက်တတ်ရာရာပေါ့ ဆရာစိမ်းလန်းရ။ အော်…ဒါနဲ့ဆရာကျော့် အလုပ်ကိစ္စပြီးပြီလား၊ ပြီးရင်ပြန်ကြစို့ဗျာ။ ကဲ…ဆရာလောကမင်းရေ ပြန်ပြီဗျာ၊ နောက်မှတွေ့ကြတာပေါ့လို့နှုတ်ဆက်ရင်း ဆရာကျော်ရဲ့ကားထဲဝင်ထိုင်ကာ ကျောက်ဆည်တက္ကသိုလ်ကြီးထဲကနေ ကားနဲ့ပြန်ထွက်လာတဲ့အချိန်မှာတော့ လက်ပြနှုတ်ဆက်နေတဲ့ ဆရာလောကမင်းနဲ့ တက္ကသိုလ်ကြီးကတော့ နောက်မှာကျန်ရစ်ခဲ့ပြီလေ။ ပြန်ဆုံချင်ပါသေးတယ်။ ကျောက်ဆည်တက္ကသိုလ်ကြီးရယ်လို့ ခပ်တိုးတိုးလေးပြောရင်းဖြင့် -----။

# အနာဂတ်အတွက် ကြိုးမဲ့လျှပ်စစ်နည်းပညာ

မောင်မောင်စွယ်စုံထွန်း

မီးကြိုးမလိုဘဲ မီးထွန်းလို့ရနိုင်ပါသလားဟုဆိုပါက မကြာခင်အနာဂတ်ကာလမှာ ရနိုင်လာလိမ့်မည်ဟုသာ ဖြေရပါလိမ့်မည်။ ယခင်က WiFi (ခေါ်) ကြိုးမဲ့ဆက်သွယ်ရေးစနစ် ပေါ်ပေါက်ခဲ့ပြီး အင်တာနက်ဆက်သွယ်ရေး လောကကို တစ်ခေတ်ဆန်းသစ်စေခဲ့ပါသည်။ ယခုအခါ LiFi (ခေါ်)မြန်နှုန်းမြင့် ကြိုးမဲ့ဆက်သွယ်ရေးစနစ်ပင် စတင်ပေါ်ပေါက်လာနေပါပြီ။ ကြိုးမဲ့လျှပ်စစ်ပို့ဆောင်သည့်စနစ် WiTricity ပေါ်ပေါက်လာဖို့လည်း လမ်းစများစတင်ရရှိနေပါပြီ။ ဝိုင်ယာလက်စ် Wireless က ဝိုင်ကို အတိုကောက်ယူထားပြီး လျှပ်စစ်ဆိုတဲ့ အီလက်ထရစ်စီးတီး Elec-tricity မှ ထရစ်စီးတီးကိုယူ၍ နှစ်မျိုးပေါင်းပြီး WiTricity ဟု နည်းပညာသစ်ကို အမည်ခေါ်တွင်ခဲ့ခြင်းဖြစ်ပါသည်။ ယင်းသည် အမေရိကန်ပြည်ထောင်စုအမ်အိုင်တီ မက်ဆာချူးဆက်နည်းပညာတက္ကသိုလ်က ပါမောက္ခမာရင်းဆိုရာချီ၏ တီထွင်မှုဖြစ်ပါသည်။ ပါမောက္ခမာရင်း ဦးဆောင်သည့် နည်းပညာအဖွဲ့သည် ၆၀ ဝပ်အားရှိသော မီးလုံးတစ်လုံးကို မည်သည့်မီးကြိုးမှ မဆက်သွယ်ထားဘဲ မီးပလပ်နေရာမှ ၇ ပေအကွာမှာထားပြီး မီးလင်းအောင် ၂၀၀၇ခုနှစ်ကတည်းကပင် လုပ်ပြနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ယခုအခါ မိုဘိုင်းဖုန်း ရုပ်မြင်သံကြားနဲ့ လျှပ်စစ်ကား အပါအဝင် အီလက်ထရောနစ်ပစ္စည်းအားလုံးမှာ မီးကြိုးတပ်စရာမလို မီးအားပေးနိုင်အောင် ဆက်လက်ကြိုးစားတီထွင်လျက်ရှိကြောင်းနှင့် မကြာမီအိမ်တွင်းလျှပ်စစ်ပစ္စည်းများကို ကြိုးမဲ့လျှပ်စစ်နည်းပညာဖြင့် လျှပ်စစ်ဓာတ်အား ရရှိနိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း အမေရိကန်နိုင်ငံမှ မြန်မာကြိုးမဲ့ဆက်သွယ်ရေးနည်းပညာရှင် ပါမောက္ခဒေါက်တာဆန်းမော်က မကြာသေးခင်က ပြောကြားခဲ့ပါသည်။ Wireless Ele-ct ricity (သို့မဟုတ်) Wireless Power Tran-sfer ဟု ယခင်က လူသိများခဲ့သော ကြိုးမဲ့လျှပ်စစ်နည်းပညာဆိုသည်မှာ ဝိုင်ယာကြိုးများ၊ ကေဘယ်ကြိုးများမလိုဘဲ လျှပ်စစ်စွမ်းအင်ကို ထုတ်လွှတ်ပေးပို့နိုင်သည့် နည်းပညာတစ်ခုဖြစ်ပါသည်။ အဆိုပါနည်းပညာမှာ ယခုမှပေါ်ပေါက်လာသော နည်းပညာမဟုတ်ဘဲ ၁၉ရာစုနှစ် အကုန်ပိုင်းကတည်းက ကမ္ဘာကျော်သိပ္ပံပညာရှင် Nikola Tesla မှ စတင်ခဲ့ပြီး လက်ရှိအချိန်တွင်မှ ခေတ်စား၍ အသုံးပြု လာနေခြင်းသာဖြစ်ပါသည်။

အဆိုပါကြိုးမဲ့လျှပ်စစ်နည်းပညာသည် Elec-tromagnetic Induction နှင့် Resonance နိယာမများအပေါ် အခြေခံပြီး အလုပ်လုပ်ခြင်းဖြစ်ပါသည်။ Electromagnetic induction (လျှပ်စစ်သံလိုက်ညှိယူခြင်း) ဆိုသည်မှာ သံလိုက်မှ တစ်ဆင့်လျှပ်ကူးပစ္စည်း (ဥပမာ ဝိုင်ယာကြိုး) လို ကြားခံများမှတစ်ဆင့် လျှပ်စစ်စီးကြောင်းကို ဖြစ်ပေါ်စေသည့် လုပ်ငန်းစဉ် ဖြစ်ပါသည်။ တည်ငြိမ်သံလိုက်စက်ကွင်းမှ လျှပ်စီးကြောင်းကို လုံးဝထုတ်မပေးနိုင်ပါ၊ ပြောင်းလဲနေသည့် သံလိုက်စက်ကွင်းမှသာ လျှပ်စီးကြောင်းကို ထုတ်ပေးခြင်းဖြစ်ပါသည်။ သီအိုရီနည်းအရ ရွေ့လျားနေသည့် သံလိုက်မှ ပြောင်းလဲသံလိုက်စက်ကွင်း၏ အနားကို လျှပ်ကူးပစ္စည်း(Conductor)တစ်ခုခုထားသည့်အခါမှာ လျှပ်ကူးပစ္စည်းထဲက လျှပ်စစ်ဆောင်အမှုန်တွေကို ပြောင်းလဲသံလိုက်စက်ကွင်းကညှိယူပြီး ဦးတည်ဘက်တစ်ခုစီကို ရွေ့လျားစေပါသည်။

(ဆက်လက်ဖော်ပြပါမည်။)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Adele, Beyonce နှင့် Taylor Swift တို့ World Tour ပူးတွဲပြုလုပ်မည်



ကမ္ဘာကျော်ဂီတအနုပညာရှင်များဖြစ်ကြသည့် Adele, Beyonce နှင့် Taylor Swift တို့ကို World Tour ပူးတွဲပြုလုပ်ရန် ဥတ်ဒ်ကုမ္ပဏီက ဦးဆောင်သွားမည်ဖြစ်ကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Adele ၏ One Night Only ၊ Beyonce ၏ The Formation World Tour ၊ Taylor Swift ၏ The Eras Tour တို့ ကျင်းပခဲ့ပြီး ဖန်တီးမှုဒါရိုက်တာအဖြစ် အလက်ဇန်ဒါး မိုရ်ရက တာဝန်ယူမည်ဖြစ်ကာ ယခင်က Adele, Beyonce နှင့် ကန်ဒေါလ်လာမာတို့ကိုလည်း တာဝန်ယူခဲ့သူ ဖြစ်သည်။

နာမည်ကြီးအဆိုတော်များ၏ World Tour ကို ဥတ်ဒ်ကုမ္ပဏီက ဦးဆောင်၍ ဖန်တီးမှုဒါရိုက်တာ အလက်ဇန်ဒါးမိုရ်ရက တာဝန်ယူဖန်တီးမည်ဖြစ်၍ ပရိသတ်စိတ်လှုပ်ရှားနေကြသည်။

လက်ရှိ Adele, Beyonce, Taylor Swift နှင့် ကန်ဒေါလ်လာမာတို့ကို ကိုရီးယားဖျော်ဖြေပွဲသို့ ရောက်ရှိနေကြကာ ယင်း World Tour အတွက် ပြင်ဆင်နေကြပြီဖြစ်သည်။

(SKY)

## Akshay Kumar ၏ HERA 3 PHERI ၂၀၂၅ ခုနှစ်တွင် ရုံတင်မည်

ဘောလီဝုဒ် ဝါရင့်အနုပညာရှင် အရှေးကူးမားရ်၊ ပါရပ်ရှ်ရာဝေးနှင့် ဆွန်နီးရှပ်တီးတို့ အတွဲညီခဲ့ကြသည့် HERA 3 PHERI ရိုက်ကူးရေး စတင်နေပြီဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း ဘောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အရှေးကူးမားရ်၏ အကောင်းဆုံး ရုပ်ရှင်စာရင်းဝင်ဇာတ်ကားထဲတွင် ပါဝင်သည့် အဆိုပါရုပ်ရှင်တွင် မင်းသားသုံးဦး လိုက်ဖက်ညီသည့်အတွဲ၊ သရုပ်ဆောင်စွမ်းရည်များနှင့် အပိုင်း(၁)နှင့် (၂)မှာ ပရိသတ်အားပေးမှု ရရှိထားသည်။

ဒါရိုက်တာ ပရီယာဒါရှန်းက မူရင်းသရုပ်ဆောင်သုံးဦးနှင့်အတူ ရိုက်ကူးရေး စတင်နေပြီဖြစ်ကာ ၂၀၂၅ခုနှစ်တွင် ရုံတင်ပြသရန် စီစဉ်ထားသည်ဟု အင်တာဗျူးတစ်ခုတွင် တရားဝင်ပြောကြားထားသည်။

(SKY)

0 - 0 - 0 - 0 - 0




## Everyday We are ပြန်လည်ပြသခွင့်ရရှိ

အက်ရှင်ဒရာမာဇာတ်ကား Everyday We are တွင် Kim Sae Ron ပါဝင်ထား၍ ယခင်က ပြသခြင်းမပြုလုပ်ခဲ့ရာမှ သူကွယ်လွန်ပြီး ပြန်လည်ပြသခွင့်ပြုလုပ်မည်ဖြစ်၍ ပရိသတ် စိတ်ဝင်စားခဲ့ကြကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်လမ်းတွဲတွင် အပိုင်း (၇)ပိုင်း ပါဝင်ပြီး ကာတွန်းကို အခြေခံရိုက်ကူးထားရာ Kim Sae Ron ၊ လီချေမင်း၊ ရှုရီဟွမ်၊ ယူဂျူတို့ ပါဝင်ထားကြကာ ၂၀၂၂ ခုနှစ်တွင် Kim Sae Ron ၏ ပြဿနာများကြောင့် ထုတ်လွှင့်မှု ရပ်ဆိုင်းထားခဲ့သည်။

ထုတ်လုပ်သူက တည်းဖြတ်ရန် အပိုင်းများ ကျန်ရှိနေ၍ ယခုမှ ပြသရခြင်းဖြစ်ကြောင်း၊ Kim Sae Ron အမှတ်တရအဖြစ် ပြန်လည်ပြသသွားမည်ဖြစ်ကြောင်း ပြောဆိုထားသည်။

မူရင်းကာတွန်းဇာတ်လမ်း Woorineum Maeil Maeil မှ ဘတ်စကတ်ဘော ကစားရသည်ကို ကြိုက်နှစ်သက်သော မိန်းကလေးတစ်ဦးအကြောင်း ဖြစ်သည်။ (SKY)





## Tatum O'Neal အသက်အငယ်ဆုံး အော်စကာဆုရှင်ဖြစ်ခဲ့

လက်ရှိ အသက် (၆၁)နှစ်ရှိနေပြီဖြစ်သော တာတွန်အိုနီးလ်မှာ အသက်အငယ်ဆုံး အော်စကာဆုရှင် ဂုဏ်ပုဒ်ကို ဆက်လက်ကိုင်ဆောင်ထားဆဲဖြစ်ကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တာတွန်အိုနီးလ်သည် ၁၉၇၄ ခုနှစ် အော်စကာဆုပေးပွဲတွင် Paper Moon ရုပ်ရှင်နှင့်အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု ဆွတ်ခူးရရှိချိန်က အသက် ဆယ်နှစ်ကျော်ဖြစ်၍ အသက်အငယ်ဆုံး အော်စကာဆုရှင်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

တာတွန်အိုနီးလ်သည် ဖခင်ဖြစ်သူ ရိုင်အိုနီးလ်နှင့်အတူ တွဲဖက်သရုပ်ဆောင်ခဲ့ပြီး ထူးချွန်ပြောင်မြောက်သော သရုပ်ဆောင်စွမ်းရည်ကြောင့် အော်စကာဆုရရှိပြီးနောက်ပိုင်း ဟောလီဝုဒ်တွင် ဟိုးလေးတကျော်ဖြစ်ခဲ့သော်လည်း လူကြီးသရုပ်ဆောင်အဖြစ် ကူးပြောင်းချိန်တွင် အခက်အခဲများစွာနှင့် ရုန်းကန်ခဲ့ရသည်။

ရုပ်သံနှင့် ရုပ်ရှင်ပရောဂျက်များတွင်သာ ပါဝင်ခွင့်ရရှိခဲ့ပြီး ရုပ်ရှင်ဇာတ်ကားကြီးများတွင် မြင်တွေ့ရခြင်းမရှိတော့ဘဲ လက်ရှိအသက် (၆၁)နှစ်ရှိပြီဖြစ်သည်။

(SKY)

## BTS မှ RM က Erich Fromm ၏ "အချစ်ရဲ့ အတတ်ပညာ" စာအုပ်ကို မျှဝေပေးထား



ဘီတီအက်စ်အဖွဲ့ခေါင်းဆောင် အာရ်အမ်သည် စာအုပ်ဖတ်ရသည်ကို နှစ်သက်သူဖြစ်ပြီး လက်ရှိ သင်တန်းတက်ဆဲတွင်ပင် အဲရစ်ဖောင်မ်၏ "အချစ်ရဲ့ အတတ်ပညာ" စာအုပ်ကိုဖတ်၍ ပရိသတ်များထံ ဝေမျှပေးထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အာရ်အမ်(ခေါ်)ကင်နမ်ဂျွန်က ကိုရီးယားနိုင်ငံ၏ ထူးခြားသော လေးရာသီမှ နွေဦးပေါက်ရာသီတွင် ညဆိုင်းဆင်းချိန် ဖတ်ခဲ့ရသောစာအုပ်မှ "အချစ်ဆိုတာ အတတ်ပညာ၊ အချစ်ဆိုတာ ကြိုးစားရတာမျိုး" ကို မလေ့ကျင့်ခဲ့မိကြောင်း ချစ်ခြင်းမေတ္တာအသစ်နှင့် စိတ်နှလုံးသားအသစ်ကို ပြင်ဆင်၍ ပြန်လာမည်ဖြစ်ကြောင်း ပြောဆို၍ ယင်းစာအုပ်ကို ဝေမျှပေးသွားခဲ့သည်။

အာရ်အမ်က ဂီတမှတ်စ်ဆင့် ပြောပြချင်သည့် ဇာတ်လမ်းများစွာရှိပြီး ပြန်လာချိန်အထိ စောင့်မျှော်ပေးရန် စာရှည်ရေးသားမျှဝေထားသည်။ (SKY)



## နှစ်ပေါင်းများစွာ တူရိယာတီးခတ်ကာ ဂီတပန်တီးခြင်းက အသက်ကြီးသူများ၏အာရုံနှင့် စိတ်စွမ်းရည်ကို မြှင့်တင်ပေးနိုင်

ယခင်အပတ်ကထုတ်ဝေသည့် ပီအယ်လ်အိုအက်စ်ဇီဝဗေဒဂျာနယ်တွင် ဖော်ပြခဲ့သော လေ့လာမှုတစ်ခုအရ နှစ်ပေါင်းများစွာ တူရိယာတီးခတ်ကာ ဂီတဖန်တီးခြင်းသည် အသက်ကြီးသူများကို ဆူညံသည့်ပတ်ဝန်းကျင်တွင် စကားပြောဆိုခြင်းကို နားလည်နိုင်စွမ်း ဆက်လက်ထိန်းသိမ်းရာတွင် အထောက်အကူဖြစ်စေနိုင်မည်ဟု ဆိုသည်။

ကနေဒါနိုင်ငံရှိ ဘေးခရက်စ်သုတေသနနှင့်ပညာရေးအကယ်ဒမီမှ သုတေသီ ကလော့အလိန်းနှင့် တရုတ်နိုင်ငံ သိပ္ပံအကယ်ဒမီမှ သုတေသီ ယိတူးတို့ ဦးဆောင်သည့် လေ့လာမှုမှ ဂီတ၏အကျိုးသက်ရောက်မှုကို ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

လူတို့သည် အသက်ကြီးလာသည်နှင့်အမျှ အာရုံခံစားမှုနှင့် စိတ်ပိုင်းဆိုင်ရာစွမ်းရည်များ တဖြည်းဖြည်း ကျဆင်းလာတတ်သည်။ ထိုသို့ကျဆင်းလာသောအခြေအနေကို ဂီတသင်ယူခြင်း၊ မြင့်မားသော ပညာရေးရရှိခြင်း(သို့မဟုတ်)တစ်မျိုးထက်ပိုသော ဘာသာစကားများ ပြောဆိုနိုင်ခြင်းစသော နေထိုင်မှုပုံစံက ပြောင်းလဲပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ (SCI)

## BTS မှ Jin က (Ask The Stars) When The Stars ဇာတ်ဝင်တေး သီဆိုထား



ကိုရီးယားသတင်းမီဒီယာများ၏ ဖော်ပြချက်အရ TVN ၏ Drama အသစ် Ask The Stars အတွက် ဇာတ်ဝင်တေးကို BTS မှ Jin (ခေါ်) Kim Seok Jin က သီဆိုပေးထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ဝင်တေးမှာ Jin ၏ ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ယခင်က Jirisan ဇာတ်ဝင်တေး Yours သည် အမေရိကန် ပြည်ထောင်စု အပါအဝင် နိုင်ငံပေါင်း ၉၀ ကျော်၌ ထိပ်ဆုံးသီချင်း ဖြစ်ခဲ့သည်။

Jin ၏ ဒုတိယမြောက် ဇာတ်ဝင်တေး Ask The Stars မှာ When The Stars Gossip ဇာတ်လမ်းတွဲ အတွက်ဖြစ်ပြီး ယင်းဇာတ်လမ်းတွဲတွင် လီမင်ဟို၊ ဂေါင်ဟိုဂျင်၊ အိုဂျောင်ဆီး၊ ဟန်ဂျီအွန်း၊ ကင်ဂျူဟွန်း၊ လီအီစသည့် ထိပ်တန်းသရုပ်ဆောင်များ ပါဝင်ထားသဖြင့် ပရိသတ်စိတ်ဝင်စားမှု မြင့်မားနေသည်။

(SKY)

# ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထိုင်း-ကမ္ဘောဒီးယားအရေး ဆွေးနွေး



ကုလသမဂ္ဂ ဇူလိုင် ၂၆

ထိုင်း-ကမ္ဘောဒီးယား နှစ်နိုင်ငံကြား ဖြစ်ပွားလျက်ရှိသည့် တင်းမာမှုများနှင့်ပတ်သက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီက တံခါးပိတ် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံက ချက်ချင်းအပစ်အခတ်ရပ်စဲရေးတောင်းဆိုလျက်ရှိစဉ် ထိုင်းနိုင်ငံက နှစ်နိုင်ငံဆွေးနွေးပွဲများမှတစ်ဆင့် ဖြေရှင်းရန်တောင်းဆိုကြောင်း သိရသည်။

ကမ္ဘောဒီးယားအစိုးရ၏ တောင်းဆိုချက်အရ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားအနေဖြင့် ခြွင်းချက်မရှိအပစ်အခတ်ရပ်စဲရန်နှင့် အငြင်းပွားမှုအား ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းရန် ကုလသမဂ္ဂဆိုင်ရာ ကမ္ဘောဒီးယားသံအမတ်ကြီးက တောင်းဆိုခဲ့ကြောင်း သတင်းထောက်များကို ပြောကြားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင် ကိုယ်စားလှယ်များကလည်း သံတမန်နည်းလမ်းအရ ကိုင်တွယ်ဖြေရှင်းရန် နှစ်နိုင်ငံစလုံးကို တောင်းဆိုခဲ့သည်။

နှစ်နိုင်ငံ နယ်နိမိတ် အငြင်းပွားနေသောဒေသ၌ ဇူလိုင် ၂၄ ရက်တွင် အပြန်အလှန်ပစ်ခတ်မှုများ စတင်ဖြစ်ပွားခဲ့ရာမှ ထိုင်းဘက်မှ ၁၄ ဦးသေဆုံးကြောင်း ထိုင်းအာဏာပိုင်များက ပြောကြားပြီး ကမ္ဘောဒီးယားဘက်မှ အရပ်သား ရှစ်ဦးအပါအဝင် ၁၃ ဦး သေဆုံးကြောင်း ကမ္ဘောဒီးယား ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

## အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် ဗြိတိန်နိုင်ငံသို့ ရောက်ရှိလာ ဥရောပနှင့် ဗြိတိန်ခေါင်းဆောင်များအား တွေ့ဆုံရန် စီစဉ်ထား



ဝါရှင်တန် ဇူလိုင် ၂၆

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်သည် ကုန်သွယ်ရေးဆွေးနွေးပွဲများအတွက် ဥရောပနှင့် ဗြိတိန်ခေါင်းဆောင်များအား တွေ့ဆုံရန်နှင့် ၎င်း၏ ဂေါက်ကွင်းများသို့ သွားရောက်လည်ပတ်ရန် စကော့တလန်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ထရမ့်သည် ဇူလိုင် ၂၅ ရက်က ဗြိတိန်နိုင်ငံသို့ ဆိုက်ရောက်ခဲ့ပြီး ဝန်ကြီးချုပ် ကီယာစတာမာ၊ ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလေယန်တို့နှင့် ဆွေးနွေးပွဲများ ကျင်းပမည်ဖြစ်သည်။

အိမ်ဖြူတော်မှ မထွက်ခွာမီ အမေရိကန်သမ္မတက ဝါရှင်တန်နှင့် လန်ဒန်တို့အကြား ကုန်သွယ်ရေးသဘောတူညီချက်ကို စတာမာနှင့် ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ၎င်းကို တိုးတက်ကောင်းမွန်အောင်ပင် လုပ်ဆောင်နိုင်မည်ဟုလည်း သတင်းထောက်များကို ပြောကြားခဲ့သည်။


ဗွန်ဒါလေယန်က ထရမ့်နှင့် ကောင်းမွန်သော တယ်လီဖုန်းစကားပြောဆိုမှု ပြုလုပ်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားသည်။

ဇူလိုင် ၂၆ တွင် စကော့တလန်၌ တွေ့ဆုံရန်၊ အတ္တလန်တိတ်ဖြတ်ကျော် ကုန်သွယ်ရေးဆက်ဆံမှုများနှင့် ၎င်းတို့ကို မည်ကဲ့သို့ ခိုင်မာအောင် ထိန်းထားနိုင်မည်ကို ဆွေးနွေးရန် မိမိတို့သဘောတူညီခဲ့ကြသည်ဟု ၎င်းက လူမှုမီဒီယာပို့စ်တစ်ခုတွင် ဖော်ပြခဲ့ကြောင်း သိရသည်။

Mon

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## သံအမတ်အသစ် ၁၆ ဦးအား ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် တရုတ်သမ္မတ ရှီကျင့်ဖျင် ပေကျင်းမြို့တော်၌ ကြိုဆိုနှုတ်ခွန်းဆက်



ပေကျင်း ဇူလိုင် ၂၆

တရုတ်နိုင်ငံဆိုင်ရာ သံအမတ်အသစ် ၁၆ ဦး၏ ခန့်အပ်လွှာများကို သောကြာနေ့က လက်ခံရယူခဲ့သည့် တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ပေကျင်းရှိ ၎င်းတို့၏ ရာထူးအသစ်များသို့ ရောက်ရှိလာခြင်းကို ကြိုဆိုခဲ့ပြီး တရုတ်နိုင်ငံအနေဖြင့် အဆင့်မြင့် ပွင့်လင်းမှုကို ရှင်းလင်းပြတ်သားစွာ တိုးချဲ့သွားမည်ဟူသော ထင်ဟပ်ချက်ကိုလည်း ပြသခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

၎င်းတို့ကို ကြိုဆိုနှုတ်ခွန်းဆက်ရာတွင် တရုတ်နိုင်ငံ၏ စီးပွားရေး အလားအလာများအပေါ် အကောင်းမြင်ကြောင်း သံအမတ်များက ထုတ်ဖော်ပြောကြားရာ သက်ဆိုင်ရာနိုင်ငံများအနေဖြင့် အလွန်ကြီးမားသော တရုတ်ဈေးကွက်၏ အကျိုးအမြတ်များကို ခွဲဝေခံစားစေမည်ဟုလည်း သမ္မတ ရှီကျင့်ဖျင်က ထုတ်ဖော်ပြောကြားသည်။

လက်ရှိတွင် တရုတ်နိုင်ငံသည် တရုတ်နည်းလမ်းတကျ ခေတ်မီရေး လမ်းကြောင်းမှတစ်ဆင့် ခိုင်မာသော နိုင်ငံတည်ဆောက်ရေးနှင့် အမျိုးသားပြန်လည်နုပျိုရေး မဟာဗျူဟာကို ဘက်ပေါင်းစုံမှ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အမျိုးသား စီးပွားရေးမှာ ခိုင်မာမှုကြားမှ အပေါ်သို့ ဦးတည်သည့် အရှိန်အဟုန် မြင့်တက်နေသည်ဟု ၎င်းက ထည့်သွင်းပြောကြားကြောင်း သိရသည်။

Mon

## အာဖဂန်နစ္စတန်နိုင်ငံမှ တာဂျစ်ကစ္စတန်သို့ ငါးအစာတန်ချိန် ၅၀ ပထမဆုံးအကြိမ် တင်ပို့

ကဘူးလ် ဇူလိုင် ၂၆

အာဖဂန်နစ္စတန်သည် မြောက်ပိုင်း ဘာ့ခ်ပြည်နယ်မှ တာဂျစ်ကစ္စတန်သို့ ငါးအစာတန်ချိန် ၅၀ ကို ပထမဆုံးအကြိမ် တင်ပို့ခဲ့ကြောင်း နိုင်ငံပိုင် ဘာ့ခ်တာသတင်းအေဂျင်စီက ဇူလိုင် ၂၆ ရက်တွင် ဖော်ပြသည်။

### ဈေးကွက်ချဲ့ထွင်နိုင်ရန် ခြေလှမ်းတစ်ရပ်ဖြစ်

အရည်အသွေးအာမခံချက်နှင့် စံချိန်စံညွှန်းပြည့်မီအောင် ထုတ်လုပ်ထားသည့် ငါးအစာများကို တာဂျစ်ကစ္စတန်ဈေးကွက်သို့ စတင်တင်ပို့ခြင်းဖြစ်ကြောင်း၊ ထိုသို့တင်ပို့ခြင်းသည် အာဖဂန်ပို့ကုန်ပစ္စည်းများ၏ အမျိုးအစားစုံလင်မှုနှင့် ဒေသတွင်း၌ ဈေးကွက်ချဲ့ထွင်နိုင်ရန် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ခရိုင်စက်မှုလက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဌာန အကြီးအကဲ ဟာဖစ်ဇ်အမီယာ မိုဟာမက်မတ်တာကီ က ပြောကြားသည်။

### အိမ်သုံးသန့်ရှင်းရေး ထုတ်ကုန်ပစ္စည်းတင်ပို့

ယခုလအစောပိုင်းကလည်း ဗြိတိန်သို့ ဘာ့ခ်ပြည်နယ်မှတစ်ဆင့် အိမ်သုံးသန့်ရှင်းရေး ထုတ်ကုန်ပစ္စည်း အများအပြားကို တင်ပို့ခဲ့သည်။

အာဖဂန်ကြားဖြတ်အစိုးက ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးရေးနှင့် ဒေသဆိုင်ရာ ဈေးကွက်များသို့ ဝင်ရောက်မှုကို အားပေးမြှင့်တင်ခြင်းဖြင့် ပို့ကုန်တိုးချဲ့တင်ပို့နိုင်ရေး၊ နိုင်ငံ့စီးပွားရေး ပိုမိုအားကောင်းလာစေရေးနှင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုမြှင့်တင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ



ဗီယက်နမ်နိုင်ငံအလယ်ပိုင်းဒေသရှိ အဝေးပြေးလမ်းတစ်နေရာတွင် ယမန်နေ့က ဘတ်စ်ကား လမ်းချော်တိမ်းမှောက်မှုကြောင့် လူ ၁၀ ဦး သေဆုံးစေခဲ့သော ခရီးသည်တင်ဘတ်စ်ကားကို သက်ဆိုင်ရာက စစ်ဆေးနေစဉ်။

Mon

## ဆာရာဒူတာတေကို စွပ်စွဲပြစ်တင် စစ်ဆေးမည့်ကိစ္စ ဖိလစ်ပိုင်တရားရုံးချုပ်က ပိတ်ပင်လိုက်ပြီဟု ဆို

မနီလာ ဇူလိုင် ၂၆

ဒုတိယသမ္မတ ဆာရာဒူတာတေကို ကျင်းပတော့မည့် အထက်လွှတ်တော်က စွပ်စွဲပြစ်တင် စစ်ဆေးမည့်ကိစ္စနှင့်ပတ်သက်၍ ဇူလိုင် ၂၅ ရက်တွင် ဖိလစ်ပိုင်တရားရုံးချုပ်က ပိတ်ပင်လိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

တစ်နှစ်အတွင်း စွပ်စွဲပြစ်တင်မှုလုပ်ငန်းစဉ်များကို အကြိမ်ကြိမ်ပြုလုပ်ခြင်းကို ဆန့်ကျင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ကို ချိုးဖောက်သည်ဟု ၎င်းစွဲချက်တင်ခံထားရသည်။

ထောက်ခံမဲ ၁၃ မဲ ကန့်ကွက်မဲမရှိရလဒ်ဖြင့် ချမှတ်ခဲ့သည့် ယင်းဆုံးဖြတ်ချက်သည် အထက်လွှတ်တော်၏ အစည်းအဝေးသစ် စတင်တော့မည့် ရက်အနည်းငယ်အလိုတွင် ပေါ်ပေါက်လာခြင်းဖြစ်ပြီး ဒုတိယသမ္မတ၏ နိုင်ငံရေးအနာဂတ်မှာလည်း မရေမရာ အခြေအနေဖြစ်နေခဲ့သည်။

၂၀၂၈ ခုနှစ်တွင် သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု မျှော်လင့်ခံထားရသူတစ်ဦးဖြစ်သည့် ဆာရာဒူတာတေသည် အထက်လွှတ်တော်၏ စွပ်စွဲပြစ်တင် စစ်ဆေးမှုတွင် ပြစ်ဒဏ်ချမှတ်ခံရပါက ရာထူးမှ ထာဝရ ပိတ်ပင်ခံရမည်ဖြစ်ကြောင်း သိရသည်။

Mon

STOP AIDS



## စစ်ကိုင်းမြို့တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ငလျင်ဘေးအသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲ ကျင်းပ

**စစ်ကိုင်း ဇူလိုင် ၂၆**

စစ်ကိုင်းမြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ငလျင်ဘေးဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်နည်းလမ်းများ အသိပညာပေးဟောပြောပွဲ နှင့် လက်တွေ့သရုပ်ပြသပွဲကို ယမန်နေ့ နံနက်ပိုင်းက စစ်ကိုင်းမြို့၊အခြေခံပညာအလယ်တန်းကျောင်းခွဲ(ဒီဇယ်)၌ ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ စစ်ကိုင်းမြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မြင့်ဟန်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးလောင်မှုဖြစ်ပွားပါက လုပ်ဆောင်ရမည့်အချက်များ၊ ငလျင်ဘေးဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်နည်းလမ်းများကို ကျောင်းသူ၊ကျောင်းသားများ သိရှိနားလည်သဘောပေါက်စေရန် Power Point ပြသ၍ အသိပညာပေးဟောပြောခဲ့ပြီး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်းနှင့် အခြားမီးငြိမ်းသတ်နည်းအမျိုးမျိုးအား လက်တွေ့သရုပ်ပြသခဲ့ပြီး ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

မီး မရှိသေ
သုံးစွဲလေ
မွဲတေ ဆင်းရဲမည် ။

## မှတ်ပုံတင်ထားခြင်းမရှိသော တရားမဝင်ဆင်းကတ် (SIM Card)များ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**ကာလိ ဇူလိုင် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကာလိမြို့တွင် မှတ်ပုံတင်ထားခြင်းမရှိသော တရားမဝင်ဆင်းကတ် (SIM Card)များ ရောင်းချမှုမရှိစေရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက မြို့အတွင်းရောင်းချလျက်ရှိသော မိုဘိုင်းဖုန်းဆိုင်များတွင် ယမန်နေ့က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

**(ယာပုံ)**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကာလိမြို့၊ မြို့အုပ်ချုပ်ရေးမှူး ဦးစန်းမြင့်သန်း ဦးဆောင်ကြီးကြပ်မှုဖြင့် ကာလိမြို့ရဲစခန်းမှ ဒုရဲမှူး တေဇာလင်း၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်မြင့်လွင်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတာဝန်ခံ ဦးမျိုးရန်အောင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် ရပ်ကွက်အတွင်းဖွင့်လှစ်ရောင်းချလျက်ရှိသော မိုဘိုင်းဖုန်းဆိုင်များတွင် မှတ်ပုံတင်ထားခြင်းမရှိသော တရားမဝင် ဆင်းကတ် (SIM Card) များ ရောင်းချခြင်းမပြုကြရန် သတိပေးခြင်းများဆောင်ရွက်ခဲ့ပြီး လိုက်နာမှုမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှ

**မန္တလေး ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံ X-Ray ရိုက်စစ်ဆေးရေးဂိတ်တွင် ခရီးသွားပြည်သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များဝေငှခြင်းကို ဇူလိုင် ၁၉ရက် နံနက် ၉ နာရီက အဆိုပါစစ်ဆေးရေးဂိတ်တွင် ပြုလုပ်ခဲ့သည်။

အဆိုပါအသိပညာပေးဆောင်ရွက်ခြင်းကို အမှတ်(၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်(မိတ္ထီလာမြို့)မှ တပ်ဖွဲ့စိတ်မှူး ဒုတိယရဲမှူးလှိုင်စိုးနှင့် တပ်ဖွဲ့ဝင်များသည် ယာဉ်မောင်းများ၊ ခရီးသွားပြည်သူများအား လူကုန်ကူးမှုဖြစ်သော အဓိကအကြောင်းအရင်းများ၊ မြန်မာနိုင်ငံလူကုန်ကူးမှုဖြစ်စဉ်များ၊ လူကုန်ကူးခံရပါက ဆောင်ရွက်ရမည့်နည်းလမ်းများ၊ လူကုန်ကူးသူတို့ အသုံးပြုသည့်နည်းလမ်းများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာဥပဒေများနှင့် သတိပြုရန်အချက်များကို အသိပညာပေးပြောကြားခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များဝေငှပေးခဲ့ကြကြောင်း သိရသည်။

**(ဝ၅၇)**

*－*－*－*－*－*

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇူလိုင် ၂၆**

ဇူလိုင် ၂၃ရက်က စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**(ယာပုံ)**



ဖြစ်စဉ်မှာ ဇူလိုင် ၂၃ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ် အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်၊ ရွှေမင်းဝံရပ်ကွက်နေ မင်းထက်ခန့်(၂၆ )နှစ်အားလည်းကောင်း၊ အလားတူ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် ဘီးလင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ နှင်းပုလဲကျေးရွာနေ ဝင်းနိုင်ထူး(ခ)ယူနွတ်(စ်)ဘိုင်(၃၆)နှစ်အားလည်းကောင်း၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ သိမ်ဇရပ်မြို့နယ်၊ ပေရှစ်ဆယ်ကျေးရွာနေ ချစ်အောင်(၃၅)နှစ်အားလည်းကောင်း၊ သံဖြူဇရပ်မြို့နယ်၊ သံဖြူဇရပ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ သံဖြူဇရပ်မြို့၊ အောင်သာယာရပ်ကွက်နေ စိုးမြင့်(၆၇)နှစ်အားလည်းကောင်း၊ ချောင်းဆုံမြို့နယ်၊ ချောင်းဆုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ နီးမုတ်ကျေးရွာနေ မျိုးမြင့်အောင်(၂၉)နှစ်အားလည်းကောင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များဖြင့် ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ ငါးဦးအား သက်ဆိုင်ရာရဲစခန်းအသီးသီး၌ ပို့ကုန်သွင်းကုန်ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## စိတ်ကြွရူးသွပ်ဆေးပြား နှစ်သန်း ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီခွဲက သတင်းအရ မိုင်းဆတ်မြို့နယ်၊ မယ်ပုလုံကျေးရွာအုပ်စု၊ ဂျူးလုကျေးရွာအနီးတွင် မိုင်းတွမ်းကျေးရွာဘက်မှ မိုင်းဆတ်မြို့ဘက်သို့ ဆိုင်လူး မောင်းနှင်ပြီး ကျဝေဆိုသူလိုက်ပါလာသော ISUZU အမျိုးအစား မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သန်း ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား မိုင်းဆတ်မြို့နယ်၊ ဝမ်တုံကျေးရွာမှ မိုင်းတုံမြို့နယ်၊ မဲကင်းကျေးရွာအနီးသို့ သယ်ဆောင်ခြင်းဖြစ် ကြောင်းသိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ကတ်ထူပြားမီးရှို့ရာမှ မီးလောင်မှုဖြစ်ပွား

**ကျိုင်းတုံ ဇူလိုင် ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၊ မိုင်းဇင်းကျေးရွာအုပ်စု၊ ဟွေ့ခါး(လားဟူ)ကျေးရွာတွင် ကတ်ထူပြားများအား မီးရှို့ရာမှ မီးလောင်မှု ဇူလိုင် ၂၀ရက် မွန်းလွဲ ၂ နာရီခွဲက ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ကျိုင်းတုံခရိုင်မီးသတ်စခန်းမှ ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ကျိုင်းတုံမြို့နယ်မီးသတ်စခန်းမှ ဦးစီးအရာရှိနှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် လေးစီး၊ မီးသတ်ရေသယ်ယာဉ် တစ်စီးဖြင့်ဝိုင်းဝန်း၍ မီးငြိမ်းသတ်ခဲ့ကြသည်။ **(ယာပုံ)**

မီးလောင်မှုကြောင့် နေအိမ်ခြံဝင်းအတွင်းရှိ သွပ်မိုး၊ ထရံကာ၊ တစ်ထပ် အဆောက်အအုံ သုံးလုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် မီးပေါ့ဆစွာ မီးသုံးစွဲသူအား ဥပဒေအရ အရေးယူရန် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(မိုးသီး)**



# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၂ ဦး ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် ဇူလိုင် ၂၆

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒစ်ဂျစ်တယ်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၉ ဦး၊ တရုတ်နိုင်ငံသားတစ်ဦး၊ အီသီယိုးပီးယားနိုင်ငံသားတစ်ဦးနှင့် အိန္ဒိယနိုင်ငံသားတစ်ဦး စုစုပေါင်း ၂၂ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၂၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၂၁ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ယင်းတို့အနက်မှ ၉၀၆၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၁ ဦးကို သက်ဆိုင် ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီ ဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online လိမ်လည်မှုများ၊



Online လောင်းကစားမှုများနှင့် ဒစ်ဂျစ်တယ်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို အမြန်ဆုံး စစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေများဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ကွင်းဆင်းကြည့်ရှု



တောင်တွင်းကြီး ဇူလိုင် ၂၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေများဖြင့် ဆောင်ရွက်သော လုပ်ငန်းများအား ယနေ့နံနက်ပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေးနှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

ထိုသို့ကွင်းဆင်းတိုင်းတာရာတွင် တောင်တွင်း- အောင်လံကားလမ်းမှ-ကုန်းတန်း လမ်းအား (၂×၄)ခွဲကျောက်ဖြင့် လမ်းချဲ့ခြင်း ဆောင်ရွက်နေမှုအားလည်းကောင်း၊ တောင်တွင်း-အောင်လံကားလမ်းမှ ရွာသစ်လမ်းပေါ်ရှိ ပေ ၄၀ တစ်စင်း သံကူကွန်ကရစ်တံတား ဆောင်ရွက်နေမှုအားလည်းကောင်း၊ ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သော တောင်တွင်း- မကွေးကားလမ်းမှ မြင်းစုလမ်းပေါ်ရှိ Submersible Bridge ပေ ၄၀၀ တစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းခွင်အားလည်းကောင်း ကွင်းဆင်းကြည့်ရှုခဲ့ရာ တာဝန်ခံ အင်ဂျင်နီယာများမှ လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေးက လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဗိသနိုးမြေ)**

## ကျွန်းလှမြို့နယ်၌ မိုးစပါး ပန်းတိုင်အထွက်ရရှိရေး သရုပ်ပြစိုက်ပျိုး

**ကျွန်းလှ ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် စပါးသီးနှံ အဓိကစိုက်ပျိုးကြပြီး မိုးစပါး ပန်းတိုင်အထွက်ရရှိရေးအတွက် သရုပ်ပြစိုက်ပျိုးခြင်းကို ယနေ့နံနက် ၉ နာရီက တပ်ကုန်းကျေးရွာ၊ ကွင်းမှတ်(၄၉၅)တောင်သူ ဦးမင်းနိုင်၏ လယ်မြေ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက စပါးတင်း(၁၀၀)အထက်ထွက်ရေးအတွက် သိပ္ပံနည်းကျစိုက်နည်းစနစ်များ လိုက်နာကျင်းသုံးခြင်းဖြင့် စပါးခင်းအတွင်း လေဝင်လေထွက်ကောင်းမွန်ခြင်း၊ နေရောင်ခြည်ကောင်းစွာရရှိခြင်း၊ ပေါင်းမြက်နှိမ်နင်းရလွယ်ကူခြင်း၊ ပိုးမွှားကျရောက်မှုသက်သာခြင်း၊ ရိတ်သိမ်းရာ၌ အလေအလွင့်နည်းပါးခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး အသင့်သုံး အီးအမ် ဖျော်ရည်နှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ မိုးစပါး သရုပ်ပြစိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တ ဥက္ကဋ္ဌ ဗိုလ်မှူး ဖြိုးသန့်ဇင်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တအုပ်ချုပ်ရေးမှူး ဦးခိုင်မင်းထွန်းနှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**မျိုးဝင်းညို-ကျွန်းလှ**

၀-၀-၀-၀-၀

**ဆလုံတောင်ကျွန်းမှ**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်/လေမုန်တိုင်းဒဏ်ခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ကဏန်း၊ ပုစွန်စသောရေသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ဒီရေတောဂေဟစနစ်စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ဆလုံတောင်ကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် ဒီရေတောအဓိက သစ်မျိုးများဖြစ်သည့် ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ လမု၊ လဘာ၊ ကနစို၊ သမဲ့၊ ကျနု၊ မမ၊ ပင်လယ်အုန်း စသည့်သစ်မျိုးများနှင့် သရော(နံ့ဖြူး)ငှက်နှင့် ဓနိပင်စသည့် ဒေသမျိုးရင်း ဒီရေတောသစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဗျိုင်း၊ ဗျိုင်းအောက်၊ စွန်၊ သိမ်းငှက်၊ ပန်းဇင်ငှက်၊ ခရုစုပ်ငှက်၊ ရေညှောင့်နှုတ်ပိုင်းငှက်၊ တင်ကြီးငှက်၊ ငှက်တုံးငှက် စသည့်ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ကဏန်း၊ ပုစွန်များရှင်သန်ပေါက်ဖွားရာ ဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့် ဂေဟစနစ်တစ်ခုဖြစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

✻ စာမျက်နှာ ၂၄ မှ

နောက်ထပ် ငွေတံဆိပ်တစ်ခုကို ပြိုင်ပွဲဒုတိယနေ့ကတည်းက အမျိုးသမီးကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ကြေးတံဆိပ်နှစ်ခုကိုမူ အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲနှင့် အမျိုးသမီးအသင်းလိုက်သုံးယောက်တွဲပြိုင်ပွဲတို့တွင် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာပိုက်ကျော်ခြင်းအသင်းသည် ယခုပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားခြောက်မျိုးဝင်ရောက်ယှဉ်ပြိုင်ရာ လေးမျိုးတွင် ဆုတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

(၃၈)ကြိမ်မြောက် ထိုင်းဘုရင့်ဖလားပြိုင်ပွဲကို နိုင်ငံပေါင်း ၁၉နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာပိုက်ကျော်ခြင်းအသင်းသည် ထိုင်းဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - MSTAF

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

### အရေးယူဆောင်ရွက်ခဲ့

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Thet N O" Facebook အကောင့်နှင့် "Thet N O" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၆)ရပ်ကွက်နေ သက်နိုင်ဦးအား ည ၆ နာရီ ၂၅ မိနစ်တွင် တောင်ကြီးမြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လူသတ်မှုကျူးလွန်သူကို အောင်မြေသာစံခရိုင်တရားရုံးက ပြစ်ဒဏ်များချမှတ်

မန္တလေး ဇူလိုင် ၂၆

ပုသိမ်ကြီးမြို့နယ် ကျီကုန်းရွာ၌ တစ်ဦးတည်းနေထိုင်သည့် သတ္တဗေဒဌာန ပါမောက္ခ အငြိမ်းစား ဒေါ်ထွေးထွေးအား အိမ်ခြံမြေပွဲစားဖြစ်သူက မြေကွက်အရောင်းအဝယ်တည့်သည်ဟုပြောဆိုကာ ပုသိမ်ကြီးမြို့နယ် ရေထွက်ကျေးရွာမြောင်းပေါင်ဘေး လူမနေသည့် ဆောက်လက်စတစ်ထပ်တိုက်သို့ချိန်းဆိုပြီး သတ်ဖြတ်ကာ ကားသော့၊ အိမ်ခြံသော့များယူဆောင်၍ ဒေါ်ထွေးထွေး၏ နေအိမ်အတွင်းမှ မြေပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့် ရွှေထည်ပစ္စည်းများ ခိုးယူမှုကို မေ ၂၅ ရက်က ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ပုသိမ်ကြီးမြို့မရဲစခန်းတွင် အမှုဖွင့်စစ်ဆေးခဲ့ပြီး တရားခံ စိုင်းထွန်းနော် (ခ) ကိုစိုင်း (ခ)ငြိမ်းချမ်းဖြိုး (ခ) ကိုဖြိုးအား ဟဲဟိုးမြို့ တည်းခိုခန်း၌ ရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ၍ အောင်မြေသာစံခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့သည်။

အမှုကို အောင်မြေသာစံခရိုင်တရားရုံးက လက်ခံစစ်ဆေးပြီး ဇူလိုင် ၂၃ ရက်တွင် စိုင်းထွန်းနော် (ခ) ကိုစိုင်း (ခ) ငြိမ်းချမ်းဖြိုး (ခ) ကိုဖြိုးအား ရာဇသတ်ကြီးပုဒ်မ-၃၈၀ အရ အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ်ကျခံစေရန်၊ ရာဇသတ်ကြီးပုဒ်မ- ၃၀၂ (၁)(ခ)အရ သေဒဏ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

စိုးသီဟ(အမရ)

# နိုင်ငံတကာ အားကစား သတင်းများ

## အက်စ်တူပီနန် အေစီမီလန်အသင်းတွင် ကျောနံပါတ် (၂)ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**မီလန် ဇူလိုင် ၂၆**

နောက်ခံကစားသမားသစ် အက်စ်တူပီနန် အေစီမီလန်အသင်းတွင် ကျောနံပါတ် (၂) ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဘရိုက်တန်အသင်းမှ အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၇သန်းဖြင့် ၂၀၃၀ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

နောက်ခံကစားသမား အက်စ်တူပီနန်သည် ဘရိုက်တန်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၄ပွဲကစားပြီး ငါးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အေစီမီလန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အေစီမီလန်အသင်းသည် လာမည့် ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုများအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် နောက်ထပ်ကစားသမားသစ်များလည်း ထပ်မံခေါ်ယူသွားဦးမည်ဖြစ်သည်။ **(ယာပုံ)(NGB)**



## ပီယာလိုအား နည်းပြသစ်အဖြစ် ယူနိုက်တက်အက်ဖ်စီအသင်းခန့်အပ်

**လန်ဒန် ဇူလိုင် ၂၆**

ယူအေအီးကလပ် ယူနိုက်တက်အက်ဖ်စီအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ပီယာအိုအား (၂)နှစ်စာချုပ် ချုပ်ဆိုကာ ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် ဂျူဗင်တပ်၊ ဆမ်ဒိုးရီးယားစသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာအား ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ယူနိုက်တက်အက်ဖ်စီအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။



အသက်(၄၆)နှစ်အရွယ်ရှိ ပီယာလိုက "ကျွန်တော် အခုလို ယူနိုက်တက်အက်ဖ်စီအသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော်ကို ယုံကြည်စွာနဲ့ တာဝန် ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူ အားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်း အောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အပေါ်ပုံ)(NGB)**

## အိုနာနာ ဒဏ်ရာမှ သက်သာလာသောကြောင့် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိ



**မန်ချက်စတာ ဇူလိုင် ၂၆**

မန်ချက်စတာယူနိုက်တက်အသင်း ဂိုးသမား အိုနာနာ တံကောက်ကြောဒဏ်ရာမှ ပြန်လည်သက်သာလာခြင်းကြောင့် အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိပြီဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ ဂိုးသမားသည် ပြီးခဲ့သည့်ရက်ပိုင်းက မန်ချက်စတာယူနိုက်တက် အသင်း၏ လေ့ကျင့်ရေး အစီအစဉ်တွင် ပါဝင်ကစားရင်း တံကောက်ကြောဒဏ်ရာရရှိခဲ့ကာ (၈)ပတ်ထိအနားယူရမည်ဖြစ်သော်လည်း လက်ရှိအချိန်တွင် ဒဏ်ရာမှ အလျင်အမြန်သက်သာလာကာ အသင်းနှင့်အတူ လေ့ကျင့်မှုများပြန်လည်ပြုလုပ်နိုင်ပြီဖြစ်သည်။

ဂိုးသမား အိုနာနာသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၁ပွဲပါဝင်ကစားထားသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ရာသီအဖွင့်ပွဲစဉ်အဖြစ် လာမည့်ဩဂုတ် ၁၇ရက်တွင် အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင် ကစားသွားရမည်ဖြစ်သည်။ **(ဝဲပုံ)(NGB)**

## ဘီအာရက်စ်အား ခေါ်ယူရန် ပရီးမီးယားလိဂ်ကလပ်အသင်းများ စိတ်ဝင်စား

**လန်ဒန် ဇူလိုင် ၂၆**

ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် နယူးကာဆယ်၊ အက်စတွန်ဗီလာ၊ အဲဗာတန်အသင်းတို့သည် မိုနာကိုအသင်းတိုက်စစ်မှူး ဘီအာရက်စ်အား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ပြီးခဲ့သည့်ဘောလုံးရာသီက မိုနာကိုအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၉ ပွဲကစားပြီး ၁၃ ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

မိုနာကိုအသင်းကလည်း ဘီအာရက်စ်အတွက် မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် နယူးကာဆယ်၊ အက်စတွန်ဗီလာ၊ အဲဗာတန်အသင်းတို့အနေဖြင့် မည်သည့်အသင်းက မိုနာကိုအသင်းထံမှ ဘီအာရက်စ်အား ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်သွားရမည်ဖြစ်သည်။ **(အောက်ပုံ)(NGB)**





## ၂၀၂၅ အမျိုးသမီးအာဖရိကဖလား တတိယဆုအား ဂါနာအသင်းဆွတ်ခူး

**လန်ဒန် ဇူလိုင် ၂၆**

၂၀၂၅ အမျိုးသမီးအာဖရိကဖလား တတိယလုပွဲအဖြစ် ယနေ့နံနက်ပိုင်းက ဂါနာအသင်းနှင့် တောင်အာဖရိကအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂါနာအသင်းက တောင်အာဖရိကအသင်းအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိပြီး တတိယဆုအား ဆွတ်ခူးနိုင်ခဲ့သည်။

တတိယလုပွဲစဉ်တွင် ဂါနာအသင်းနှင့် တောင်အာဖရိကအသင်းတို့သည် အချိန်ပိုအထိ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်နေခြင်းကြောင့် ပင်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရာ ပင်နယ်တီ အဆုံးအဖြတ်တွင် ဂါနာအသင်းက တောင်အာဖရိကအသင်းအား လေးဂိုး၊ သုံးဂိုးဖြင့် အနိုင်ရရှိပြီး တတိယဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဂါနာအသင်းထုတ်ပြန်ချက်တွင် "အခုလို ၂၀၂၅ အမျိုးသမီးအာဖရိကဖလား တတိယဆုအား ဆွတ်ခူးနိုင်လို့ အတိုင်းမသိ ဂုဏ်ယူ မိပါတယ်။ အခုလိုအသင်းအား ဆုရရှိအောင် အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။ **(အပေါ်ပုံ)(NGB)**

## ဆွန်ဟောင်မင် မေဂျာလိဂ်ကလပ်သို့ ပြောင်းရွှေ့ကစားဖွယ်ရှိကြောင်း သတင်းများ ထွက်ပေါ်

**လန်ဒန် ဇူလိုင် ၂၆**

စပါးအသင်းတိုက်စစ်မှူး ဆွန်ဟောင်မင် လက်ရှိဈေးကွက်အတွင်းတွင် အသင်းမှ ထွက်ခွာပြီး မေဂျာလိဂ်ကလပ် လော့စ်အိန်ဂျလိစ်အသင်းသို့ ပြောင်းရွှေ့ကစားဖွယ်ရှိကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

မေဂျာလိဂ်ကလပ် လော့အိန်ဂျလိစ်အသင်းကလည်း ဆွန်ဟောင်မင်အား ခေါ်ယူရန် ကမ်းလှမ်းခဲ့ပြီး ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှု ရရှိခဲ့ကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

တိုက်စစ်မှူး ဆွန်ဟောင်မင်သည် စပါးအသင်းနှင့်အတူ ၂၀၁၅-၂၀၁၆မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၄၅၄ပွဲကစားကာ ၁၇၃ဂိုးထိ သွင်းယူထားနိုင်ခဲ့သည်။

ထို့ကြောင့် ဆွန်ဟောင်မင်အား လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း မေဂျာလိဂ်ကလပ် လော့အိန်ဂျလိစ်ကစားသမားသစ်အဖြစ် မြင်တွေ့သွားရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)(NGB)**




## တာစတီဂန် ကျောဒဏ်ရာ ခွဲစိတ်မှုခံယူပြီးနောက် သုံးလခန့် အနားယူရမည်

**ဘာစီလိုနာ ဇူလိုင် ၂၆**

ဘာစီလိုနာအသင်း ဂိုးသမား တာစတီဂန် ကျောဒဏ်ရာ ခွဲစိတ်ကုသမှုခံယူခဲ့ပြီးနောက် သုံးလခန့် ထပ်မံအနားယူသွားရဦးမည်ဖြစ်သည်။

အဆိုပါ ဂိုးသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီကတည်းက ရရှိခဲ့သည့် ဒဏ်ရာအား လက်ရှိအချိန်မှ ခွဲစိတ်ကုသမှု ခံယူခဲ့ခြင်းဖြစ်ကာ သုံးလခန့်ထိ အနားယူသွားရမည်ဖြစ်သည်။

ဂိုးသမား တာစတီဂန် သုံးလအထိအနားယူရမည်ဖြစ်သောကြောင့် ဘာစီလိုနာအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဂိုးသမား တာစတီဂန်သည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၁၄-၂၀၁၅မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၂၂ပွဲကစားကာ အကောင်းဆုံးလက်စွမ်းပြထားနိုင်ခဲ့သည်။ **(NGB)**

## 2025 Palermo Ladies Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Anouk Koevermans တက်ရောက်

**တူရင် ဇူလိုင် ၂၆**

အီတလီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Palermo Ladies Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ နယ်သာလန်တင်းနစ်မယ် Anouk Koevermans တက်ရောက်ခဲ့သည်။



အဆိုပါ နယ်သာလန်တင်းနစ်မယ် Anouk Koevermans သည် 2025 Palermo Ladies Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ်မယ် Kaitlin Quevedo အား ၆-၄၊ ၆-၁ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2025 Palermo Ladies Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် နယ်သာလန်တင်းနစ်မယ် Anouk Koevermans နှင့် ဩစတြီးယားတင်းနစ်မယ် Julia Grabher တို့ ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**

## နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၇-၇-၂၀၂၅ တနင်္ဂနွေနေ့ | ညနေ ၆း၀၀ နာရီ | အာဆင်နယ်(အင်္ဂလန်) – နယူးကာဆယ်(အင်္ဂလန်) |
| " | ည ၁၀း၃၀ နာရီ | ဘိုချန်(ဂျာမနီ) – လေဗာကူဆင်(ဂျာမနီ) |
| " | " | စပိုစီးယား(အီတလီ) – လက်ချီ(အီတလီ) |
| " | ည ၁၁း၃၀ နာရီ | ပေါ်တို(ပေါ်တူဂီ) – တွမ်တီး(နယ်သာလန်) |

# မန္တလေးမြို့တွင် တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ်( CTME) အခမ်းအနားကျင်းပ



**မန္တလေး ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာ အသင်း တိုင်း၊ ခရိုင် တိုင်းရင်း ဆေးဆရာအသင်း (မန္တလေး)တို့ ပူးပေါင်းစီစဉ်ကျင်းပသော တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ်(CTME) အခမ်းအနားကို ဇူလိုင် ၂၅ ရက် မွန်းလွဲ ၂ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ခုတင် ၁၀၀ ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံ အစည်းအဝေးခန်းမတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် သဘာပတိများအဖြစ် ဦးသံချောင်း၊ ဆေးရုံအုပ်ကြီး(ငြိမ်း) ခုတင် (၁၀၀)ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံ (မန္တလေး)၊ ဦးစန်းလွင်၊ တိုင်းဒေသကြီးဦးစီးမှူး(ငြိမ်း)၊ တိုင်းရင်းဆေးပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီးတို့က ဆောင်ရွက်ကြပြီး သဘာပတိ ဦးစန်းလွင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အခမ်းအနားဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီသူ ဦးမောင်မောင်ဆက် အနန္တမေတ္တာဆေးတိုက် အောင်မြေသာစံမြို့နယ်အား တိုင်းရင်းဆေးရုံကြီး ဒုတိယတိုင်းရင်းဆေးရုံအုပ်က ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဒေါ်စီစီဝင်း တိုင်းရင်းဆေးမှူးက "ဝမ်းပျက်ဝမ်းလျှော" ရောဂါအကြောင်း ဟောပြောရာ တက်ရောက်လာသူများမှ မေးမြန်းဆွေးနွေးမှုများအား တိုင်းရင်းဆေးမှူးက ပြန်လည်ဖြေကြားခဲ့ပြီး သဘာပတိ ဦးသံချောင်းက ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ တိုင်းရင်းဆေးပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူးဦးသာဝင်း၊ ခရိုင်၊ မြို့နယ်တိုင်းရင်းဆေးမှူး၊ ဒုတိယတိုင်းရင်းဆေးမှူး၊ လက်ထောက်တိုင်းရင်းဆေးမှူး၊ အလုပ်သင်ဆရာ၊ ဆရာမများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ မန္တလေးတိုင်းဒေသကြီး အလုပ်အမှုဆောင် ဦးသင်းနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ တိုင်းရင်းဆေးပညာ စိတ်ပါဝင်စားသူများ တက်ရောက်ကြကြောင်း သိရသည်။

(၀၇၀)

# ရပ်စောက်မြို့နယ်၌ မြို့မဈေးသမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ရပ်စောက် ဇူလိုင် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၌ မြို့မဈေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ရဿဝတီခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါအစည်းအဝေးတွင် အသင်းသဘာပတိ ဦးမြင့်သိန်းက အသင်း၏ ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာဝင့်က မြို့နယ်အတွင်းရှိ သမဝါယမလုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေမှု အခြေအနေတို့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် အသင်း၏ ဒုတိယဥက္ကဋ္ဌ အုပ်ချုပ်မှု ဒါရိုက်တာနှင့် အသင်းစာရင်းစစ်တို့မှ ဒါရိုက်တာအဖွဲ့အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အသင်းစာရင်းစစ် အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြကာ အသင်းသားများ၏ အတည်ပြုချက်ကို ရယူခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာသော အသင်းသား ၄၈၃ ဦး တို့အား အစည်းအဝေးစရိတ်နှင့် ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ်သိန်း ၁၅၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကာ ယခုဘဏ္ဍာရေးနှစ်အတွင်း အစုပေါ် ငွေကျပ် သိန်း ၃၉၀ ကို ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။ (၃၆၈)



# မဟာရတနာပုံဗုဒ္ဓသာသနာ့အကျိုးတော်ဆောင်အဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်း(၁၈)နှစ်ပြည့် အခမ်းအနားကျင်းပ



**မန္တလေး ဇူလိုင် ၂၆**

မဟာရတနာပုံဗုဒ္ဓသာသနာ့ အကျိုးတော်ဆောင်အဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်း(၁၈)နှစ်ပြည့် အခမ်းအနားနှင့် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ်ရှိ Hotel Queen ခန်းမတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ဂုဏ်ထူးဆောင်နာယကများ၊ အလုပ်အမှုဆောင်များ၊ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်များ၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဥက္ကဋ္ဌ သဒ္ဓမ္မဇောတိကဓဇသီရိမဟာရတနာပုံဦးသော်ဇင်မြင့်လွင်က မဟာရတနာပုံ၏ ရည်ရွယ်ချက်(၄)ရပ်ကိုအခြေခံ၍ တစ်နှစ်တာ ဆောင်ရွက်ခဲ့မှုကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌသီရိမဟာရတနာပုံ ဦးဇော်လင်းထွန်းက မဟာရတနာပုံ၏ စည်းကမ်းချက်(၁၀)ရပ်ကို ဖတ်ကြားခြင်း၊ အတွင်းရေးမှူး သီရိမဟာရတနာပုံဒေါ်သန်းသန်းဝင်းက ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်မှုနှင့်မော်ကွန်းတင်ထားရမည့်ကိစ္စများကိုလည်းကောင်း၊ ဒေါ်မြင့်မြင့်သောင်းက ဂုဏ်ထူးဆောင်နာယကကြီးများထံမှ ပေးပို့သော ဝမ်းမြောက်သဝဏ်လွှာများကို ဖတ်ကြားသည်။

ထို့နောက် မဟာရတနာပုံဗုဒ္ဓသာသနာအကျိုးတော်ဆောင်အဖွဲ့က တစ်နှစ်တာ စေတီရုပ်ပွားတော်ပြုပြင်မွမ်းမံခြင်း (၄၄)ဆူ၊မဟာပဋ္ဌာန်းပူဇော်ခြင်း(၁၀)ဌာန အလင်းမီးပူဇော်ခြင်း စေတီတော်(၂၁)ဆူ၊ ဆွမ်းတော်ပွဲများကပ်လှူပူဇော်ခြင်း စေတီ(၄၅)ဆူနှင့် ဗုဒ္ဓသာသနာတော်မြတ်ကြီးအား စတုပစ္စယာနုဂ္ဂဟဖြင့် စုပေါင်း၍ ငွေကျပ်သိန်း ၃၅၀ ကျော် လှူဒါန်းခဲ့ကြသည်။

ထို့နောက် ၁၃၈၇ ခုနှစ်အတွက် မဟာရတနာပုံဗုဒ္ဓသာသနာ့အကျိုးတော်ဆောင်အဖွဲ့၏ ဂုဏ်ထူးဆောင်ဘွဲ့များကို အသင်းဥက္ကဋ္ဌသဒ္ဓမ္မဇောတိကဓဇ ဦးသော်ဇင်မြင့်လွင်နှင့် အမှုဆောင်များက အစဉ်အလာအတိုင်း ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(၀၄၅)

၀-၀-၀-၀-၀-၀-၀

# အခြေခံပညာမူလတန်းကျောင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ဆင်ပေါင်ဝဲ ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် မြို့သန့်ရှင်းသာယာရေးအတွက် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများပူးပေါင်း၍ အပတ်စဉ်သန့်ရှင်းရေးပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၆ ရက် နံနက် ၇ နာရီက အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

ထိုသို့ စုပေါင်းဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းဝင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်ထွန်းနှင့်ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများက ကျောင်းဝင်းအတွင်းရှိ အမှိုက်များ၊ မြက်ပင်များ၊ ချုံနွယ်များ၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ သဲများဖြန့်ဖြူးခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)



# ပြည်တွင်းစိုက်ပျိုးသော နာနတ်သီးများအား ပြည်ပနိုင်ငံများသို့ ပိုမိုတင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိ

**မန္တလေး ဇူလိုင် ၂၆**

ပြည်တွင်းစိုက်ပျိုးသော နာနတ်သီးများအား ပြည်ပနိုင်ငံများက ကြိုက်နှစ်သက်မှု ရရှိထားခြင်းကြောင့် ပိုမိုတင်ပို့နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့နာနတ်သီး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းထံက သိရသည်။

နာနတ်သီးကို ရှမ်းပြည်နယ်ရှိ တောင်သူများ ကိုယ်စားပြုကုမ္ပဏီတစ်ခုမှ ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံသို့တင်ပို့နိုင်ရန်အတွက် နှစ်နိုင်ငံသဘောတူညီချက် GACC လက်မှတ်ရရှိထားပြီးဖြစ်ကြောင်း၊ ယခုနှစ် နာနတ်သီးထွက်ရာသီတွင် တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် တင်ပို့နိုင်ရန်အတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုနှစ်တွင် ပြည်ပနိုင်ငံများသို့ နာနတ်သီးတန်ချိန်လေးသောင်းကျော်ခန့် တင်ပို့ရန်အတွက်လျာထားပြီး အရည်အသွေးကောင်းမွန်သော နာနတ်သီးများ ထွက်ရှိရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပသို့ တင်ပို့ခြင်းဖြင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားဝင်ငွေများကိုရရှိမည့်အပြင် တောင်သူများအနေဖြင့် များစွာအဆင်ပြေလာမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်းမှ နာနတ်သီးများကို ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် အများဆုံး စိုက်ပျိုးကြပြီး ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီး၊ ကလော၊ အောင်ပန်းမြို့နယ်များနှင့် မြောက်ပိုင်းတို့တွင် အများဆုံး စိုက်ပျိုးကြကြောင်း၊ အဆိုပါ ဒေသများမှထွက်ရှိသော နာနတ်သီးများ၏ အရည်အသွေးမှာ ကောင်းမွန်ခြင်းကြောင့် ပြည်ပနိုင်ငံများ၏ ကြိုက်နှစ်သက်မှုများ ရရှိထားသည်။

နာနတ်သီးစားသုံးခြင်းဖြင့် ခန္ဓာကိုယ်ခွန်အားကိုမြှင့်တင်ပေးခြင်း၊ ရေဓာတ်ဖြည့်တင်းပေးခြင်း၊ သွေးလည်ပတ်မှုကောင်းမွန်စေခြင်း၊ နှာခေါင်းပိတ်ခြင်းကို သက်သာစေခြင်း၊ ခန္ဓာကိုယ်ရောင်ရမ်းခြင်းကို ကာကွယ်ပေးခြင်း၊ ဗီတာမင်ဘီ ကြွယ်ဝစွာပါဝင်ခြင်း၊ အရိုးအကြောသန်မာစေခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

၀-၀-၀-၀-၀-၀-၀


# ကျွန်းစားတော်ပဲ၊ ပဲကြီး၊ ပဲနီပြာမှာ လက်ကျန်နည်းလာသောကြောင့် စံချိန်တင်ဈေးမြင့်တက်နေ

ဇူလိုင်လဆန်းကတည်းက ဈေးမြင့်တက်နေသည့် ကျွန်းစားတော်ပဲ၊ ပဲကြီး၊ ပဲနီပြာများမှာ လက်ကျန်ပစ္စည်းနည်းလာသောကြောင့် ဆက်လက်ဈေးမြင့်တက်နေရာ ယခင်သီတင်းပတ်ထက် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀-၂၀၀၀၀ ခန့် ဈေးမြင့်တက်လာကြောင်း ပဲကုန်သည်များထံက သိရသည်။

ပဲမာလိုင်းများ ဈေးမြင့်တက်နေသော်လည်း ပို့ကုန် မတ်ပဲ၊ ပဲစင်းငုံများမှာ ဈေးတည်ငြိမ်လျက်ရှိပြီး ဒေသအစုံမှ ဝင်ရောက်နေသည့် နှမ်းနက်များ ဈေးကွက်အတွင်း အဝင်ရှိသလောက် အဝယ်သွက်နေကြောင်း၊ ယခင်သီတင်းပတ်ကတည်းက ဈေးမြင့်တက်နေသည့် ပဲကြီး၊ စားတော်ပဲ၊ ပဲနီပြာများမှာ စံချိန်တင်ဈေးများ ဖြစ်လာကြောင်း ရွှေစင်သိန်းပွဲရုံ ပိုင်ရှင်ဦးကျော်သွင်က ပြောသည်။

"ပို့ကုန်ပဲနဲ့ ပြည်တွင်းကုလားပဲတွေရော ဈေးအတက်အကျ သိပ်မရှိပါဘူး။ ဈေးငြိမ်နေပါတယ်။ ပဲကြီး၊ ကျွန်းစားတော်ပဲ၊ ပဲနီပြာတွေကတော့ စံချိန်တင်ပေါက်ဈေးတွေ ဖြစ်လာပါတယ်။ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀၀၊ ပဲနီပြာတစ်အိတ်လျှင် ငွေကျပ် ၅၀၀၀၀၀ ထိ ပေါက်ဈေး ဖြစ်လာပါတယ်" ဟု ၎င်းက ပြောသည်။

ဇူလိုင် ၂၆ ရက်တွင် ပို့ကုန်ပဲများဖြစ်သည့် ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၆၇၀၀၀၊ မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ်၂၈၅၀၀၀၊ ပဲတီစိမ်း ၃၇၀၀၀၀ ပေါက်ဈေးရှိသည်။ ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ ဈေးငြိမ်အဝယ်အေးနေရာ V2 ကုလားပဲတစ်အိတ်လျှင် ငေကျပ်၂၆၅၀၀၀၊ V7 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၆၇-၀၀၀၊ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၅၇၀၀၀ပေါက်ဈေးရှိနေသည်။




ပြည်တွင်းသုံး ပဲမာလိုင်း အချို့စံချိန်တင်ဈေးမြင့်တက်လာရာ ဇူလိုင် ၂၆ ရက်တွင် ပဲကြီး တစ်အိတ်လျှင် ငွေကျပ် ၃၆၀၀-၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၆၃၀၀၀၀၊ ပဲနီပြာတစ်အိတ်လျှင် ငွေကျပ်၅၀၀၀-၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ စားတော်ပဲ(ကနေဒါ) တစ်အိတ်လျှင် ငွေကျပ် ၅၄၅၀၀၀ထိ ဈေးမြင့်တက်လာသည်။

နှမ်းနက်မှာ တရုတ်လိုင်း အဝယ်ကောင်းနေရာ နယ်စုံမှ ဝင်ရောက်နေသလောက်အဝယ်ရှိနေရာ ဇူလိုင် ၂၆ ရက် နှမ်းနက် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၀၀၊ နှမ်းဖြူ(ဂျပန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၈၃၀၀၀၊ နှမ်းညိုသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၉၁၀၀၊ မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၄၄၅၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**ရွှေမန်း**



## ရွှေဘိုတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ရွှေဘို ဇူလိုင် ၂၆**

ရွှေဘိုတက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ နှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေပိုင်းက အဆိုပါတက္ကသိုလ်ရှိ ဘောလုံးအားကစားကွင်း ကျင်းပသည်။

ကျောင်းသားမောင်မယ်လူငယ်များအနေဖြင့် ကျောင်းနေပျော်၍ စာတော်သော လူငယ်လေးများဖြစ်အောင် ပညာရေးသာမက ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ပြီး ပူးပေါင်းပါဝင်သည့် အလေ့အထကောင်းရရှိစေရန်၊ အားကစားလှုပ်ရှားခြင်းဖြင့် ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်မှုအပြင် စိတ်ဓာတ်ပိုင်းဆိုင်ရာများလည်း ခိုင်မာလာစေရန်၊ ဉာဏ်ပညာထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်အားကစားသမားများ ပေါ်ထွက်စေရန် ရည်ရွယ်၍ အားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိသည်။

ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရူပဗေဒအသင်း၊ ဒုတိယဆုရရှိသည့် ညွှန့်ပေါင်း (၃) အသင်း၊ တတိယဆုရရှိသည့် ညွှန့်ပေါင်း (၂) အသင်းများအား ရွှေဘိုတက္ကသိုလ် ပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာမျိုးမျိုး၊ ဒုတိယပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာမြယဉ်ယဉ်ငြိမ်း၊ ဌာနမှူး(ပါမောက္ခ)များ၊ သင်ကြားရေးဆရာ၊ ဆရာမများက ဂုဏ်ပြုဆုငွေ၊ ဆုဆွဲပြား၊ ဆုဖလားနှင့် အကောင်းဆုံးကစားသမားဆုတို့ကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## နိုင်ငံ့ဝန်ထမ်းအငြိမ်းစား(ပင်စင်စား)များအား UID(ခေါ်) Smart Card အား အခမဲ့ပြုလုပ်ပေး

**မန္တလေး ဇူလိုင် ၂၆**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၃)မန္တလေးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အောင်မြေသာစံမြို့နယ်ဦးစီးမှူး ဦးသိန်းလွင်နှင့် လဝကဝန်ထမ်းများက ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက နိုင်ငံ့ဝန်ထမ်း အငြိမ်းစား(ပင်စင်စား)များအား UID(ခေါ်) Smart Card အား အခမဲ့ပြုလုပ်ဆောင်ရွက်ပေးကြရာ ဘဏ်ခွဲမန်နေဂျာ ဒေါ်နီလာဝင်းနှင့် ဘဏ်ဝန်ထမ်းများက ပေါင်းစပ်ကူညီဆောင်ရွက်ပေးကြသည်။

အဆိုပါ နိုင်ငံ့ဝန်ထမ်းအငြိမ်းစား (ပင်စင်စား)များအား UID(ခေါ်) Smart Card အား အခမဲ့ပြုလုပ်ဆောင်ရွက်ပေးရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုကြပြီး နိုင်ငံ့ဝန်ထမ်းအငြိမ်းစား(ပင်စင်စား)များအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ကြသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အောင်မြေသာစံမြို့နယ်ဦးစီးမှူး၊ လဝကမှူး ဒေါ်ဥမ္မာဝင်းတို့က နိုင်ငံ့ဝန်ထမ်းအငြိမ်းစား (ပင်စင်စား)များအား နံပါတ်ဆယ်လုံးပါ UID(ခေါ်) Smart Card များကို ပေးအပ်ကြကြောင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အောင်မြေသာစံမြို့နယ်ဦးစီးမှူးရုံးမှ လဝကဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစား (ပင်စင်စား)များအား ဇူလိုင် ၂၄ ရက်မှစ၍ ဇူလိုင်လကုန်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ စီစဉ်ဆောင်ရွက်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ယာပုံ)

(၀၅၃)

၀-၀-၀-၀-၀-၀



## အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တွင် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၆**

အနာဂတ်၏ လူငယ်များ ထူးချွန်ထက်မြက်၍ ဗလငါးတန်နှင့် ပြည့်စုံပြီး အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)၊ အားကစားနှင့်လူငယ်ရေးရာဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော "လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ"ကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီခွဲက အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)ကျောင်းခန်းမ၌ ကျင်းပသည်။ (ဝဲပုံ)

အခမ်းအနားတွင် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)၊ ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အားကစားနှင့်ကာယပညာသိပ္ပံ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက "လူငယ်နှင့်ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက "လူငယ်နှင့် အသိပညာဗဟုသုတ" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေး ဟောပြောခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲသို့ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၊ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် နည်းပြဆရာ၊ ဆရာမများ၊ အားကစားနှင့် လူငယ်ရေးရာဦးစီးဌာန တာဝန်ရှိသူများ၊ အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့်ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ချမ်းမြေ့**

*-*-*-*-*-*-*

## အောင်နိုင်တိုးစပါးအား Drum Seeder ဖြင့် မျိုးစေ့ချခြင်း ကွင်းသရုပ်ပြပွဲ ပြုလုပ်

**အမရပူရ ဇူလိုင် ၂၆**

မန္တလေး၊ အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာအုပ်စု၊ ဂျီကျေးရွာ၊ ကွင်းအမှတ်(၅၇၀-ခ) တွင် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရန်အတွက် အောင်နိုင်တိုးမျိုးစပါးကို Drum Seeder ဖြင့် မျိုးစေ့ချကွင်း သရုပ်ပြပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီ က တောင်သူ ဦးအောင်မျိုးထွန်း၏ လယ်ဧက ၁ ဒသမ ၂၀ တွင် ပြုလုပ်ခဲ့သည်။



အဆိုပါ ကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးမျိုးလှိုင်နှင့် ဒုတိယဦးစီးမှူး ဒေါ်သီတာအေးတို့က မျိုးစပါးဆားရည်စိမ်ခြင်းအား လက်တွေ့ပြသခဲ့ပြီး ရရှိမည့်အကျိုးကျေးဇူးများကို တောင်သူများအား ရှင်းလင်းဆွေးနွေးပြီး Drum Seederဖြင့် စိုက်ပျိုးလျှင် လုပ်သားရှားပါးမှုပြဿနာ ဖြေရှင်းနိုင်ပြီး ကုန်ကျစရိတ်သက်သာသည့် စိုက်ပျိုးနည်းဖြစ်သဖြင့် လက်တွေ့သရုပ်ပြစိုက်ပျိုးပြခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးဌာန မြို့နယ်ဦးစီးက ရှင်းလင်းပြောကြားခဲ့ရာ တက်ရောက်လာသည့် တောင်သူများက သိရှိလိုသည်များ မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

(၀၈၄)

# ပြန်လှည့်ကြည့်ဖြစ်တဲ့ သက္ကရာဇ်များ (၁၂၈)

သွယ်အောင်

၁၉၉၇၊ မေလထုတ် ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းမှာ ကျွန်တော်၏ကဗျာနှင့် ကာတွန်း နှစ်ခုစလုံး ပါရှိခဲ့သည့်အတွက် အံ့သြနေမိပြီး ရန်ကုန်မဂ္ဂဇင်းတိုက်မှ ကျွန်တော့်ထံ လူကြုံဖြင့် မေတ္တာလက်ဆောင်ပို့ပေးလိုက်သော ယင်းမဂ္ဂဇင်းကို တစ်ရွက်ချင်းအေးအေးဆေး လှန်ကြည့်မိသည်။

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၏ မျက်နှာဖုံးကို စ,လှန်ကြည့်လိုက်သည်နှင့် မဂ္ဂဇင်း၏ထူးခြားချက်ကို ချက်ချင်း သိရတော့သည်။ ထူးခြားချက်မှာ အခြားမဟုတ်၊ ရုပ်ရှင်တေးကဗျာ ရသစုံမဂ္ဂဇင်း "ဂျာနယ်ကဏ္ဍ" ကို စတင်ဖွင့်လှစ်လိုက်ခြင်းပင် ဖြစ်သည်။

စာမျက်နှာ(၈)မျက်နှာရှိသော "ရုပ်ရှင်တေးကဗျာဂျာနယ်" ကို မျက်နှာဖုံး၊ ကျောဖုံး ရောင်စုံရိုက်နှိပ်ပြီး လေးချိုးခေါက်ကာ မဂ္ဂဇင်းမျက်နှာဖုံးနှင့် မာတိကာကြားတွင် မဂ္ဂဇင်းဖတ်သူပရိသတ်အတွက် မေတ္တာလက်ဆောင်အပို ထည့်ပေးလိုက်ခြင်းဖြစ်သည်။

ဂျာနယ်ကဏ္ဍတွင် စာဖတ်သူ စိတ်ဝင်စားမည့် (Update)ဖြစ်သော ဆယ်လီအနုပညာရှင် သတင်းများကို ဦးစားပေးဖော်ပြထားသည်။ မျက်နှာဖုံးတွင် သရုပ်ဆောင် ဒွေး၊ အဆိုတော် သရုပ်ဆောင် ထွန်းအိန္ဒြာဗိုတို့၏ ဓာတ်ပုံနှင့် သတင်း၊ ကျောဖုံးတွင် ရာဇာနေဝင်း၊ ကျော်ဟိန်းတို့၏ ဓာတ်ပုံနှင့်သတင်းကို တင်ပြထားသည်။ ဂျာနယ်၏ အတွင်းစာမျက်နှာ(၆)မျက်နှာကို အဖြူအမည်းဖြင့် ရိုက်နှိပ်ထားကာ မျက်နှာဖုံးသတင်းနှင့် ကျောဖုံးသတင်းများကိုလည်း အတွင်းစာမျက်နှာသို့ ညွှန်းထားသည်။

ထိုစဉ်က ဂျာနယ်များ၏အစ ခေတ်ဦးဖြစ်၍ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းမှ အစ်ကို ချစ်မောင် (အဝကျွန်း)နှင့် အစ်မ တင်တင်ဦးတို့၏ စိတ်ကူးစိတ်သန်းကို အသိအမှတ်ပြုကာ ချီးကျူးမိသည်။ ဂျာနယ်ထုတ်ဝေခွင့်မရခင် ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း ပရိသတ်အတွက် အမြည်းပေး မိတ်ဆက်လိုက်ခြင်း ဖြစ်သည်။ နောက်ပိုင်း (News Watch) စောင့်ကြည့်သတင်းဂျာနယ်ကို တရားဝင်ထုတ်ဝေခွင့်ရခဲ့သည်။

(News Watch) စောင့်ကြည့်သတင်း ဂျာနယ် ထွက်ရှိလာသောအခါ အစ်ကို ချစ်မောင် (အဝကျွန်း)နှင့် အစ်မ တင်တင်ဦးတို့က မန္တလေးမြို့ပေါ်မှ သတင်းများပေးပို့နိုင်ရန်အတွက် ဂျာနယ်ဖွဲ့စည်းမှုတွင် ကျွန်တော့်ကလောင်ခွဲ "ဖော်ညွှန်းသီ" ဖြင့် ဂျာနယ်၏ ပုံနှိပ်မှတ်တမ်းတွင် ထည့်သွင်းဖော်ပြပေးခဲ့ပါသည်။

ကာတွန်း၊ ကဗျာ နှစ်ခုစလုံးပါရှိသည့်အတွက် ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၏ မာတိကာကို ရှာကြည့်ရာ ကာတွန်းကဏ္ဍတွင် မောင်ဝဏ္ဏ၊ ရွှေမင်းသား၊ စွာစော်ကဲ၊ ညိုကိုနိုင်(ကသာ)တို့ ဖြစ်ပြီး ကဗျာကဏ္ဍတွင် အနှစ်(နဘူးအိုင်)၊ သွယ်အောင်၊ ပိုင်၊ တင်ညွန့်မြိုင်(သာစည်)၊ ကိုချက်၊ စကားစိမ်း၊ မဏိဟုန်၊ မြင့်ဇေ၊ ရိုးသက်၊ မိုးချစ်သူ၊ ဟိန်းမြတ်ဇော်တို့ ဖြစ်သည်။

ကဗျာဆရာ အနှစ်(နဘူးအိုင်)မှာ ကျွန်တော့်သူငယ်ချင်းဖြစ်ပြီး သူ့ကဗျာနှင့် ကျွန်တော့်ကဗျာ နှစ်ယောက်စလုံး(အင်္ဂလိပ်၊ မြန်မာ)နှစ်ဘာသာ ရှေ့နောက်ကျောကပ် ဖော်ပြခံရခြင်းဖြစ်သည်။ အနှစ်(နဘူးအိုင်)၏ ကဗျာမှာ "ကိုယ့်ရဲ့ဖြစ်ရပ်မှန်" (My True Story) ၊ ကျွန်တော်၏ကဗျာမှာ "ကြွေနေသော သစ်ရွက်များအကြောင်း" (About Falling Leaves) ဖြစ်သည်။

ကျွန်တော်၏ကဗျာကို တစ်ကြောင်း၊ တစ်ပါဒခြင်း အသံထွက်ပြီး ပြန်ဖတ်ကြည့်ရင်း ရင်ခုန်ကြည်နူးနေမိသည်။

**ကြွေနေသော သစ်ရွက်များအကြောင်း**

* အိပ်ပျော်နေတဲ့
ပြက္ခဒိန်စာရွက်တွေဟာ
နေ့တစ်နေ့ ဝင်ရောက်လာတိုင်း
နံရံတွေကို ကျောခိုင်းလို့
ခရီးထွက်သွားကြတယ်။

* ပြက္ခဒိန်စာရွက်တွေလိုပဲပေါ့
ဝါရင့်သစ်ရွက်တွေကလည်း
ဆည်းဆာရောင် ညနေခင်း ဖြစ်သွားတယ်။

* နောက်
ကိုင်းဖျားပေါ်ကနေ
လေထဲကို စီးမျောကြမယ်
ပြီးတော့ မြေကြီးရဲ့ ရနံ့နဲ့အတူ
လမ်းမပေါ်မှာ
လမ်းလျှောက်ထွက်ကြမယ်။

* ဒါ သစ်ရွက်များရဲ့ အဘိဓမ္မာပဲပေါ့
ဟိုတစ်နေ့က
လေရဲ့အလျင်နဲ့ သစ်ပင်စိမ်းစိမ်းတွေ
ယိမ်းထိုး ကခုန်သွားကြတဲ့မြင်ကွင်း
ထိရှကြေကွဲ မှန်စ ရှုမျှော်ခင်း။

* ဒီအထဲ
ပိုပြီး သနားစရာကောင်းတာ
အညောင်းမိနေတဲ့
သစ်ရွက်အိုကြီးတွေမဟုတ်
ဖြုတ်ခနဲ ဖြုတ်ခနဲ
ကြွေဝဲသွားကြတဲ့ စိမ်းဖျော့ဖျော့
သစ်ရွက်ကလေးတွေရဲ့အဖြစ်
သစ်ရွက်ရာဇဝင်မှာ လွမ်းစရာကျန်ရစ်
ဒါဟာ···အဘိဓမ္မာအသစ်တော့
မဖြစ်နိုင်။ ။

သွယ်အောင်
(ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း)
၁၉၉၇၊ မေလထုတ်



**About Falling Leaves**

Whenever a day comes in
The sleeping calendar papers
Leave behind the wall
And set out a journey.

Like the calendar papers
The dark yellow leaves too
Turn into a twilight colour evening.
Then
From a top branch
They will drift in the wind
And with the odour of the earth
They will go for a walk in the street.

This is the philosophy of leaves.

On the other day,
The scene
That the green trees dancing
With the speed of the wind
The scenery that moved and cracked glasses.

In that scene
To feel more pitiful was
Not the old leaves that got stiffness
But the event of the little light green leaves
Fell slowly again and again.

It remains sorrow in the history of leaves.

This is not a new philosophy.


Twe Aung
Translated by M N N

"စွာစော်ကဲ" ကလောင်ဖြင့် ယင်းရုပ်ရှင်တေးကဗျာမဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြခံရသည့် ကာတွန်းပုံမှာ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးက သူ့ယောကျ်ား၏ အင်္ဂလိပ်စာလုံး အတိုကောက်နာမည်များကို အသံထွက်ပြီး ရွေးနေသည့်အတွက် ဘာကြောင့် ရွေးနေသည်ကို ဧည့်သည်အား ရှင်းပြနေသည့်ပုံဖြစ်သည်။

ကာတွန်းပုံပါစာသား စကားလုံးများကို ဖော်ပြမပေးတော့ပါ။ ကာတွန်းပုံကို ဖတ်ကြည့်ခံစားစေနိုင်ရန် မူရင်းကာတွန်းပုံကို ဖော်ပြပေးလိုက်ပါသည်။

"ကြွေနေသောသစ်ရွက်များအကြောင်း" ကဗျာမှာ အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြထားသဖြင့် ရန်ကုန်မြို့တွင် ခေတ္တခဏ ရောက်ရှိနေသော ကိုရီးယားကဗျာဆရာတစ်ဦးက ကျွန်တော့်ကဗျာကိုဖတ်မိပြီး နှစ်သက်သဖြင့် ၃၃လမ်း လေထန်ကုန်းတွင် ကျွန်တော်နှင့် တွေ့ဆုံချင်ကြောင်း ကိုသင်းပန်က ကျွန်တော့်အား ပြောပြသည်။ ကိုသင်းပန်မှာ ရန်ကုန်ရောက်ခိုက် ကိုရီးယားကဗျာဆရာနှင့် တွေ့ဆုံခဲ့ရပြီး "ကဗျာဆရာ သွယ်အောင်မှာ ရန်ကုန်မှမဟုတ်ဘဲ မန္တလေးမြို့တွင် နေထိုင်သူဖြစ်၍ သူနှင့်တွေ့ဆုံဖို့ မလွယ်ကူပါဘူး" ဟု ပြန်ပြောခဲ့သည်ကို ဆရာ မောင်သင်းပန်ထံမှတစ်ဆင့် သိခဲ့ရသည်။

ကျွန်တော် ထိုနေ့မှစ၍ ကဗျာကို သေတစ်ပန်သက်ဆုံး ရေးဖွဲ့သွားမည်ဟု သန္နိဋ္ဌာန်ချထားလိုက်ပါသည်။



ရွှေဟောင်းအမွေအနှစ်

| | |
|---|---|
| ပုဂံဘုရားပုထိုးများ | ၄ |

ကာတွန်း

| | |
|---|---|
| မောင်ဝဏ္ဏ | ၉ |
| ရွှေမင်းသား | ၁၀ |
| စွာစော်ကဲ | ၁၁ |
| ညိုကိုနိုင် (ကသာ) | ၁၂ |

ကဗျာ

| | |
|---|---|
| အနှစ်(နဘူးအိုင်) | ၁၃ |
| သွယ်အောင် | ၁၄ |
| ပိုင် | ၁၅ |






## အငြိမ်းစားပင်စင်စားများအား UID (ခေါ်) Smart Card အား အခမဲ့ပြုလုပ်ပေး

**သရက် ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မြို့ပေါ်အသီးသီးမှ အငြိမ်းစားပင်စင်စားများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက UID (ခေါ်) Smard Card အား ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက မြန်မာ့စီးပွားဘဏ်အနီး ရွှေဘုံသာဘုရားကြီးအတွင်း ဆက်လက်ပြုလုပ်ပေးလျက်ရှိသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် သရက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်ဝင်း ဦးဆောင်၍ ဝန်ထမ်းများက အငြိမ်းစားပင်စင်စားများအား ဘဏ်သို့ ပင်စင်လာရောက်ထုတ်ယူရာတွင် UID (ခေါ်) Smard Card အား အလွယ်တကူ ရရှိနိုင်ရေး ဇူလိုင် ၁၇ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ဇူလိုင် ၂၄ ရက်အထိ လူဦးရေ ၁၁၆ ဦး ပြီးစီးဆောင်ရွက်ခဲ့သည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**စော်ထက်(သရက်)**





## လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် စာဖတ်ဝိုင်းကျင်းပ

**ကျောက်တလုံးကြီး ဇူလိုင် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့တွင် ပြည်သူများ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)၏ "လူငယ်အညွန့်အဖူးလေးများအတွက်" စာအုပ်ဖြင့် စာဖတ်ဝိုင်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျောက်တလုံးကြီးမြို့ မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဝင်းက စာဖတ်ဝိုင်း ကျင်းပရသည့် ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသည့် စာပေဝါသနာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများက စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)၏ "လူငယ်အညွန့်အဖူးလေးများအတွက်" စာအုပ်တွင် ပါရှိသော "အနာမခံပါက၊ စေတနာသည် ပဓာန၊ ပညာမြင့်အောင် မြှင့်ကြပါစို့၊ သင်ကြားခြင်းအတတ်ပညာ၊ ကိုယ်ပိုင်စွမ်းအားတန်ဖိုးထား" စသည့် ဆောင်းပါးများအား ဖတ်ရှုဆွေးနွေးကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ စာပေဖတ်ရှုခြင်း အလေ့အထကောင်းများ ရင့်သန်လာစေရန်၊ စာကောင်းပေကောင်းများ ရွေးချယ်ဖတ်ရှုတတ်စေရန်နှင့် စာကြည့်တိုက်အား ပိုမိုအသုံးချ၍ အသိပညာများ တိုးပွားလာစေရန် ရည်ရွယ်ချက်များဖြင့် စာဖတ်ဝိုင်းများကို ကျင်းပလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်၊စာပေ လေ့လာစို့ ။**

ဖတ်စရာ၊ မှတ်စရာ စုံလင်

## တို့ကျောင်းသား

* အနန္တငါးပါး မြတ်တရား
ဆည်းကပ် မြဲလေးစား ။

* ဖြောင့်မှန်ရိုးသား ချိုစကား
ဖြူစင်နှလုံးသား ။

* ကျောင်းချိန်မှန်သွား စာကြိုးစား
ပညာတန်ဖိုးထား ။

* စာနာထောက်ထား ကြင်နာပွား
ချစ်ခင်ပေါင်းဖော်များ ။

* ကိုယ်လက်လှုပ်ရှား ကြံ့ခိုင်အား
လေ့ကျင့်အားကစား ။

* လိမ်လည်လှည့်ဖျား မဆိုပြား
ကောင်းမြတ်ကျင့်တရား ။

* မူးယစ်ဆေးဝါး ရှောင်ဖယ်ရှား
ကင်းစင် လောင်းကစား ။

* ရိုးသား ကြိုးစား မြတ်စိတ်ထား
ဒါမှ တို့ကျောင်းသား

**ကျော်ချိုမြင့်(ကန့်ဘလူ)**

## စလင်းမြို့၌ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောပွဲ ကျင်းပ

**စလင်း ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၌ ကျောင်းကျန်းမာရေး ရက်သတ္တပတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောင်းကျန်းမာရေး စစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက ဖောင်းလင်း RHC ကြို့ဝန်းကြီး S.C အတွင်းရှိ အ·မ·က လက်မဲကျောင်းတွင် ကျင်းပသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင့်ဆွေ၏ လမ်းညွှန်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးအရာရှိနှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာဖြင့် တက်ရောက်ပညာသင်ကြားနိုင်ရေးအတွက် တစ်ကိုယ်ရည်သန့်ရှင်းရေးဆောင်ရွက်ပြီး လက်ဆေးခြင်း၊ သွားနှင့်ခံတွင်း ကျန်းမာရေး နည်းစနစ်မှန်ကန်စွာဖြင့် သွားတိုက်ခြင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုရန်နှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနည်းလမ်းများ စသည့် အကြောင်းအရာများကို အသိပညာပေးဟောပြောပြီး လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့သည်။**(အောက်ပုံ)**

ထို့နောက် ကျန်းမာရေးဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများအား တစ်ကိုယ်ရည်သန့်ရှင်းရေး စစ်ဆေးခြင်းနှင့် သွားကျန်းမာရေး စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်၍ ကျောင်းကျန်းမာရေး မှတ်တမ်းရေးသွင်းခြင်းများ ဆောင်ရွက်ကာ သွားနှုတ်ရန် လိုအပ်သည့် ကျောင်းသား၊ ကျောင်းသူများကို သွားများ နှုတ်ပေးခဲ့ကြောင်း သိရသည်။ **(၅၀၀)**





## မလွန်ဈေးဆန်လှူအသင်းကြီး သက်တော်ရှည်ဆရာတော်ကြီးများ ပူဇော်ရန်အတွက် ရာသက်ပန် အလှူငွေများ လှူဒါန်း

**မန္တလေး ဇူလိုင် ၂၆**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊မလွန်ဈေးဆန်လှူအသင်းကြီးသို့ ဇူလိုင် ၂၅ ရက်က သက်တော်ရှည်ဆရာတော်ကြီးများအား ပူဇော်ရန်အတွက် မလွန်ဈေးဆန်လှူအသင်းကြီး၏ နာယကကြီး ဦးလေးမောင်၊အောင်ရတနာ(တောင်ငူ)ကားဂိတ်မိသားစုမှ ဒေါ်အုန်းရွှေ၏ အသက်(၇၆)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် အကြိမ်(၄၀)မြောက် လှူဒါန်းငွေအဖြစ် ငွေကျပ် ၁၆ သိန်းအား လာရောက်လှူဒါန်းရာ အသင်းကြီး၏ ဥက္ကဋ္ဌ ဦးစိန်ဝင်း၊အတွင်းရေးမှူး ဦးကြည်ဝင်းနှင့် အမှုဆောင်အဖွဲ့မှ လက်ခံရယူ၍ သာဓုအနုမောဒနာ မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(အောက်ဝဲပုံ)**



မန္တလေးမြို့၊ မလွန်ဈေးဆန်လှူအသင်းကြီးသည် မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် (၁၂၃) နှစ်မြောက်မှစတင်ပြီး စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုးကြီးသုံးရပ်နှင့် မန္တလေး ခုနစ်မြို့နယ်ရှိ သက်တော်(၈၀)၊ ဝါတော်(၆၀)အထက် သက်တော်ရှည်ဆရာတော်ကြီးများနှင့် အဘိဓေ၊ အဂ္ဂမဟာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား နှစ်စဉ်မပျက် ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

(၀၇၀)

*-*-*-*-*

## မြေငလျင်ဒဏ်ကြောင့် ပျက်စီးသော သာသနိကအဆောက်အအုံ၊ စေတီ၊ ဓမ္မာရုံအတွက် ငွေလှူဒါန်းနိုင်

**မန္တလေး ဇူလိုင် ၂၆**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊မဟာနွယ်စဉ်ဗောဓိကုန်းရပ်တွင် မြေငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အရှေ့ဓမ္မာရုံ၊ ကိုးဖူးရှင်စေတီတော်၊ သန္တိသုခဓမ္မာရုံပြုပြင်ရန်အတွက် ရပ်ဝေးရပ်နီးမှ စေတနာကုသိုလ်ရှင်များ သဒ္ဓါတက်အားသရွေ့ ပါဝင်လှူဒါန်းနိုင်ရန် မဟာဗောဓိပိပဿနာရိပ်သာ ဆရာတော် ဘဒ္ဒန္တ ကာရဏိကာဘိဝံသ (ကမ္မဋ္ဌာနာစရိယ)က အနီးကပ်ပြုပြင်တည်ဆောက်လျက်ရှိသည်။

အလှူတော်ငွေ လှူဒါန်းရမည့်ဌာနမှာ မဟာဗောဓိရိပ်သာ ဝိပဿနာယောဂီ ကမ္မဋ္ဌာန်းတိုက်ရုံးခန်း၊ ဦးကျော်မင်း ၀၉-၄၀၂၆ ၇၅၃၁၅၊ ဒေါ်နုနုအေး ၀၉-၂၅၆ ၁၃၀၇၀၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(၃၄၂)**



## အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ဝန်ထမ်းများနှင့် တွေ့ဆုံ၊ စားသုံးဆီများ ထောက်ပံ့



**မန္တလေး ဇူလိုင် ၂၆**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ရှိ ကျောင်းအုပ်ကြီးနှင့် အရာထမ်းများ၊ နည်းပြများ၊ ဝန်ထမ်းများ တွေ့ဆုံပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၁၀နာရီက ချမ်းမြသာစည်မြို့နယ်၊ အားကစားနှင့်ကာယပညာသိပ္ပံ ကြက်တောင် အားကစားခန်းမတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် အားကစားနည်းအလိုက် လေ့ကျင့်သင်ကြားရေးနှင့် ဝန်ထမ်းရေးရာများ ဆွေးနွေးပြောကြားသည်။ ထို့နောက် ဌာနခွဲအလိုက် နည်းပြများက သင်တန်းသား၊ သင်တန်းသူများအား လေ့ကျင့်သင်ကြားရေးနှင့် ဝန်ထမ်းရေးရာများကို ဆွေးနွေးတင်ပြပြီး ကျောင်းအုပ်ကြီးမှ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ဝန်ထမ်းများအား သက်သာချောင်ချိရေးအတွက် စားသုံးဆီများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

(၀၄၅)

*-*-*-*-*

*-*-*-*-*-*-*

## သက်ကြီးဆရာဝန်ကြီးများ ထောက်ကူပြုအဖွဲ့မှ ထောက်ပံ့ငွေများ ပေးအပ်၊ ဆေးရုံတွင် ကျန်းမာရေးစစ်ဆေးပေး

**မန္တလေး ဇူလိုင် ၂၆**

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့မှ ကျန်းမာရေးထောက်ပံ့ငွေများကို ထောက်ပံ့ပေးလျက်ရှိရာ ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေး)သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့ အတွင်းရေးမှူး ဒေါက်တာအောင်မင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမောင်မောင်သန်းတို့က အထွေထွေရောဂါကုဆရာဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းအေး၏ နေအိမ်သို့ သွားရောက်၍ သက်ကြီးဆရာဝန်များ ထောက်ကူပြု SGED ကျန်းမာရေးထောက်ပံ့ငွေ ပေးအပ်ခဲ့ပြီး ကျန်းမာရေး မေးမြန်းအားပေးစကားများ ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)သက်ကြီးဆရာဝန်ကြီးများ ထောက်ကူပြုအဖွဲ့မှ ကြီးမှူး၍ အသက်(၇၀)နှစ်အထက် သက်ကြီးဆရာဝန်ကြီးများအား မန္တလေးမြို့ရှိ ပုဂ္ဂလိကဆေးရုံကြီးများတွင် Medical Check Up ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ အသက်(၇၀)နှစ်အထက် ဆရာဝန်ကြီးများ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့သို့ အခမဲ့ အသင်းဝင်ရောက်နိုင်ကြောင်း သိရသည်။

**(ကဆ)**

## တောင်သူများသို့ ပံ့ပိုးသည့်မျိုးစေ့နှင့် သွင်းအားစုများ ပေးအပ်

**မိုင်းဖြတ် ဇူလိုင် ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တောင်သူများသို့ ပံ့ပိုးသည့် မျိုးစေ့နှင့်သွင်းအားစုများ ပေးအပ်ခြင်းကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှမျိုးက နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူများ၏ စိုက်ပျိုး၊ မွေးမြူရေးလုပ်များကို အလေးထားဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ ရာဂီမုန်တိုင်းကြောင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုအပေါ် နိုင်ငံတော်မှ ပံ့ပိုးငွေများပေးအပ်ခဲ့သည့် အခြေအနေများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းထွဋ်လွင်က သွင်းအားစုများ ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဦးထွန်းရွှေ၊ မြို့နယ်ဦးစီးမှူးတို့က ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပံ့ပိုးသည့် မျိုးစေ့ထုတ် စိုက်ခင်းနှင့်စံပြကွက်များအတွက် မျိုးစေ့နှင့် သွင်းအားစုများကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။**(အောက်ပုံ)**

မိုင်းဖြတ်မြို့နယ်တွင် မိုးစပါးစိုက်ဧကပေါင်း ၁၆၇၉၅ ဧကရှိပြီး ဒေသခံတောင်သူအများစုမှာ ဆင်းဧကရီ(၃) စပါးမျိုးကို အဓိကစိုက်ပျိုးကြသည့်အတွက် ဆင်းဧကရီ(၃) မျိုးစေ့ထုတ် စိုက်ခင်းဧက ၂၀ ဆောင်ရွက်ထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




**မီးမရှို့ မြေမမြှုပ်၊**
**စက္ကူဂျွေကို ဒါနလုပ်။**

## မြန်မာ့အာမခံလုပ်ငန်းမှ မီးနှင့် မြေငလျင်ဘေးဒဏ် အကာအကွယ်ဖြင့် အာမခံထားရှိသူများအား အမြန်ဆုံးလျော်ကြေးငွေ ပေးအပ်

**မန္တလေး ဇူလိုင် ၂၆**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းတွင် မီးနှင့် မြေငလျင်ဘေးဒဏ် အကာအကွယ်ဖြင့် အာမခံထားရှိခဲ့သော အစိုးရဌာနများ၊ လုပ်ငန်းရှင်များနှင့် ပြည်သူများပိုင်အဆောက်အအုံ၊ စက်ပစ္စည်းနှင့် ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုများကို စိစစ်တွက်ချက်၍ အမြန်ဆုံး လျော်ကြေးငွေများ ပေးအပ်လျက်ရှိသည်။ မန္တလေးမြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများအား နီးစပ်ရာ မြန်မာ့အာမခံလုပ်ငန်းရုံးခွဲများသို့ ဆက်သွယ်၍ လျော်ကြေးတောင်းခံစာများ ပေးပို့ကြရန် အသိပေးထားသည်။

မန္တလေးမြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော မြို့များရှိငလျင်ဘေးအပါအဝင် မီးအာမခံထားရှိခဲ့သော ပြည်သူများအား မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူများသွားရောက်ခဲ့ပြီး လျော်ကြေးငွေများ ပေးအပ်လျက်ရှိရာ ဇူလိုင် ၂၃ရက်က မီးအာမခံနှင့်အတူ မြေငလျင်အကာအကွယ်ယူ အာမခံထားသော ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်ရှိ ဦးခင်မောင်သန်းပိုင် (Mizzuri) အဆောက်အအုံနှင့် ကုန်ပစ္စည်းများသည် အင်အားပြင်းထန်သော မြေငလျင်ကြောင့် တစ်စိတ်တစ်ဒေသပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးငွေကျပ် ၂၈၁ ဒသမ ၈၃၉ သိန်းအား ပေးအပ်ခဲ့သည်။ မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် ပြည်သူများမှ ယုံကြည်စွာအာမခံထားရှိမှုအပေါ် အလေးထား၍ လျော်ကြေးများ အချိန်မဆိုင်းဘဲ ပေးလျော်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**မောင်ပြည်သူ(မန္တလေး)**



# ဤခရီးနီးပါသည်

ဝါတွင်းကာလ ရာသီဥတု မျှတနေ၏။ သာယာအေးမြ၍ လှပသော နံနက်ခင်းတစ်ခုကို ပန်းချီဆရာ၏ စုတ်ချက်ဖြင့် ခြယ်မှုန်းထားသလို ခံစားရ၏။ ဝါတွင်းကာလသည် ဗုဒ္ဓဘာသာမြန်မာ လူမျိုးတို့၏ နှလုံးသားကို ဆုပ်ကိုင်ထားသည်။

'ဆရာစိန်ရေ ကျွန်တော် ခရီးတစ်ခု သွားချင်လို့ လိုက်ပို့ပေးပါဦး။ ဆရာသိတဲ့အတိုင်း ကျွန်တော်က ကျန်းမာရေး သိပ်မကောင်းလှလို့'

'ရပါတယ် ဆရာကြီး ဦးဝင်းဟဏ်ရယ်။ ကိုယ့်မိတ်ရင်းဆွေရင်းတွေပဲဟာကို ပို့ပေးမှာပေါ့။ ဒါနဲ့ ခရီးက တော်တော်ဝေးသလား'

'ခရီးက နီးပါတယ် ဆရာစိန်ရယ်။ မန္တလေးတောင် အရှေ့ဘက်ခြမ်း၊ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာစခန်းကိုပါ'

ဘာသာရေးကိုင်းရှိုင်းသော၊ ဘာသာရေးကို အလေးထားသော၊ ဘာသာရေးကို ဦးညွတ်သော ဆရာစိန်တစ်ယောက်ကို နှစ်ခါခေါ်စရာမလိုခဲ့ပေ။ မကြာမီသော အချိန်ကာလတစ်ခုတွင် မန္တလေးတောင် အရှေ့ဘက်ခြမ်း တောင်အဆင်းကားလမ်းနံဘေးရှိ 'ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ' စခန်းကို ရောက်ရှိခဲ့ကြသည်။ ဘုရားအရိပ်၊ တရားအရိပ်၊ သံဃာအရိပ်၊ တောရိပ်၊ တောင်ရိပ်များဖြင့် အလွန်အေးချမ်း သာယာနေ၏။ ဆရာစိန်နှင့် အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးဝင်းဟဏ်တို့ အကျိုးတော်ဆောင် ဂေါပကရုံးခန်းသို့ လျှောက်လှမ်းလာကြသည်။ အကျိုးတော်ဆောင်နာယက ဘဘကြီးတစ်ဦးမှ 'ဘာကိစ္စများ ရှိပါသလဲခင်ဗျာ၊ ဘာများကူညီပေးရမလဲခင်ဗျာ' ဟု ချိုသာသော နွတ်ခွန်းဆက်သ စကားများဖြင့် ဆီးကြိုရှာလေ၏။

'ဟုတ်ကဲ့ အဘ ကျွန်တော် ဒီဝါခေါင်လထဲမှာ ဆွမ်းကပ်ချင်လို့ပါခင်ဗျာ။ အဲ့ဒါဝါခေါင်လအတွင်း အားလပ်ရက်ကို သိပါရစေခင်ဗျာ။'

'သြော် ဟုတ်ကဲ့ ဟုတ်ကဲ့ အားလပ်ရက်တွေ ရှိပါတယ်ခင်ဗျ။ ဘယ်ရက်ကိုများ လိုချင်ပါသလဲခင်ဗျာ'

'ကျွန်တော်က ဝါခေါင်လဆန်း ၆ ရက်၊ ဇူလိုင် ၃၀ ရက် ဗုဒ္ဓဟူးနေ့ကို လိုချင်ပါတယ် ဘဘ'





အကျိုးတော်ဆောင်ဂေါပက ဘဘကြီးမှ ပြက္ခဒိန်ရက်စွဲပါ ဒိုင်ယာရီစာအုပ် ညိုညိုလေးကို ဖွင့်၍ လှန်လှောကြည့်လိုက်ပြီးလျှင် -

'ဝါခေါင်လဆန်း ၆ ရက် ဗုဒ္ဓဟူးနေ့မှာ အလှူရှင် မရှိသေးပါဘူးခင်ဗျ။ အားလပ်ရက် ဖြစ်ပါတယ်။'

'အရုဏ်ဆွမ်းလှူရင် ဝတ္ထုငွေဘယ်လောက်ပါလဲခင်ဗျ။ နေ့ဆွမ်းလှူရင်ဝတ္ထုငွေ ဘယ်လောက်ပါလဲခင်ဗျ' ဆရာကြီးဦးဝင်းဟဏ်မှ သူသိလိုသောအချက်များကို မေးမြန်းစုံစမ်းနေ၏။

'အရုဏ်ဆွမ်းလှူလိုလျှင် ငွေကျပ် ငါးသိန်း ကျပါတယ်။ နေ့ဆွမ်းလှူလိုလျှင် ငွေကျပ် ၁၀သိန်း ကျပါတယ်။ နှစ်မျိုးပေါင်းလှူရင်တော့ ငွေကျပ် ၁၅ သိန်း ကျသင့်ပါတယ်ခင်ဗျ။ ကျွန်တော်တို့ ရိပ်သာမှာ ယခုလောလောဆယ် ရဟန်းပေါင်းအပါး၄၀၊ ရှင်သာမဏေ ၁၅ ပါး၊ သီလရှင် ၆၃ ပါး၊ အမျိုးသားယောဂီ ၆ ဦး ၊ အမျိုးသမီးယောဂီ ၂၄ ဦး၊ ဝန်ထမ်း ၄ ဦး၊ ဝေယျာဝစ္စအကူ ၁၅ ဦး၊ ပန်းရုံဇည့်သည် ၃ ဦး၊ စုစုပေါင်း ၁၇၀ ဦး ရှိပါတယ်ဗျ'

'အကျိုးတော်ဆောင်နာယကဘဘကြီးမှ စိတ်ရှည်လက်ရှည်ရှင်းပြနေ၏။ ဆရာစိန်တစ်ယောက် ရုံးခန်းအတွင်း လှည့်လည်ကြည့်ရှုနေ၏။ တစ်ခုသော နေရာတွင် ယောဂီစခန်း အဆောင်စည်းကမ်းများ၊ ယောဂီလိုက်နာရန် စည်းကမ်းချက်များနှင့် လိုအပ်ချက်များ ချိတ်ဆွဲထားသည်ကို တွေ့ရ၏။

ဆရာကြီးဦးဝင်းဟဏ်မှ ဝတ္ထုငွေကျပ် ၁၅ သိန်း ပေးလှူသောအခါ အကျိုးတော်ဆောင်ဘဘမှ ဖြတ်ပိုင်း ရေးပေး၏။ ဝါခေါင်လဆန်း ၆ ရက်အတွက် ဦးဝင်းဟဏ်၊ နှမဖြစ်သူ ဒေါ်မင်းမင်းသူ အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းအလှူတော်ဟူသတည်း။ ဆရာစိန်တို့နှစ်ဦး ဖားအောက်တောရရိပ်သာအတွင်း လှည့်လည်ကြည့်ရှုကြသည်။ ဆွမ်းချက်ပြုတ်နေကြသော ဝေယျာဝစ္စအဖွဲ့များ၊ အကျိုးတော်ဆောင် ဂေါပကအဖွဲ့များမှာ အလွန်ပင်စည်းလုံးညီညွတ်ကြသည်။ ကုသိုလ်တရား၊ မေတ္တာတရားကို ရှေ့တန်းတင်၍ ပေါင်းသင်းဆက်ဆံကြသောအခါ မန်လည်ဆရာတော်ကြီး ရေးဖွဲ့ထားသော အသင်းအဖွဲ့ပျက်ကြောင်းတရားကို နှောကြေအောင် နားလည်ထားကြသူများဟု ဆရာစိန်က မှတ်ချက်ပေးလိုက်၏။ မန်လည်ဆရာတော်ကြီး၏ အသင်းပျက်ကြောင်း ခြောက်ပါးမှာ တာဝန်မသိ၊ သတိမထား၊ လုပ်အားမပေး၊ ခေါ်ရေးမလာ၊ ဘေးမှာပြစ်ပြော၊ မနော မမှန်၊ ဤခြောက်တန်မှတ်ရန် အသင်းပျက်ကြောင်းတည်း ဟူသတည်း။

တစ်ခုသော ခန်းမကြီးအတွင်းတွင် ယောဂီများ တရားအားထုတ်နေကြသည်ကို တွေ့ရ၏။ တရားအားထုတ်နေကြသော ဘုရားသားတော်၊ သမီးတော်များဖြစ်သည့်အားလျော်စွာ ဆိတ်ငြိမ် အေးချမ်းနေ၏။ ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းသဘောတို့ကို သုံးသပ်ဆင်ခြင်ခြင်းဖြင့် မဂ်ခရီး၊ ဖိုလ်ခရီးကို နီးသထက် နီးအောင် ကြိုးစားအားထုတ်နေကြ၏။ တရားအားထုတ်နေကြသော သူတော်စင်များကို ကြည့်ရင်း ဆရာစိန်တစ်ယောက် မိမိကိုယ်မိမိ မေးခွန်းထုတ်နေမိသည်။

'ငါတို့ဟာ ခရီးသွားတွေပါလား၊ ဒီခရီးကို တစ်ယောက်ထဲသွားရမှာပါလား၊ ဘယ်အချိန်၊ ဘယ်ကို ဘယ်လိုသွားရမှန်း မသိနိုင်တဲ့ ဒီခရီးအတွက် ငါအဆင်သင့်ဖြစ်ပြီလား'

အလွန်ကြည်ညိုဖွယ် သာယာလှပသော သုံးထပ်သိမ်တော်မင်္ဂလာကြီးနှင့် အခြားသော သာသနာ့အဆောက်အအုံများကို လှည့်လည်ကြည့်ရှုရင်းဖြင့် မွန်းတည့် ၁၂ နာရီခန့်တွင် ပြန်လာခဲ့ကြသည်။ အပြန်လမ်းတွင် ဆရာစိန်တစ်ယောက် ရှေးခေတ်စာဆိုတစ်ဦး၏ လေးဆစ်ကဗျာလေးတစ်ပုဒ်ကို တီးတိုးရွတ်ဆိုကြည့်လိုက်မိ၏။

**'အသက်ကလေးရယ် ရှည်စေလို**
**မြနန္ဒာရေညို သန်းတယ်**
**မန်းတောင်ရိပ်ခို။**
**ခေါင်းလောင်းသံ တချိုချိုနဲ့**
**ရွှေပဟိုရ်စည်သံဟိန်းတယ်**
**ဘေးရန်က ငြိမ်း'**

မြနန္ဒာဉာဏ်ဝေ



# မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်လှစ်

**တောင်တွင်းကြီး ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပေလေးပင်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ (ခွဲ)ဦးစီးအရာရှိ ဦးပြည့်မောင်က မဲပေးစက်များ စစ်ဆေးခြင်း အကြောင်းအရာများ၊ ရွေးကောက်ပွဲရက်မတိုင်ခင် မဲရုံ၌ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ မဲရုံဖွင့်ချိန် မဲပေးချိန်နှင့် မဲရုံပိတ်ချိန်၌ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် (MEVM) ကိုင်တွယ်အသုံးပြုနည်းကို Power Point ဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ မဲရုံတွင် တာဝန်ထမ်းဆောင်မည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ စုစုပေါင်း ၁၀၆ ဦးအား သင်တန်းဆရာ ၂၆ ဦးက စာတွေ့၊ လက်တွေ့စနစ်တကျ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကို ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၂ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

နောင်နောင်(မိဿနိုးမြေ)

# မိုးသီးနှံမျိုးစေ့ထုတ်နှင့် စံပြစိုက်ခင်းများအတွက် မျိုးစေ့ချကိရိယာ၊ မျိုးစေ့နှင့် ဓာတ်မြေဩဇာများ ပေးအပ်

**ဟိုပုံး ဇူလိုင် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ မိုးသီးနှံမျိုးစေ့ထုတ်နှင့် စံပြစိုက်ခင်းများအတွက် မျိုးစေ့ချကိရိယာ၊ မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ ပေးအပ်ခြင်းကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီခွဲက စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် ကျင်းပသည်။ (အောက်ပုံ)

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်သန္တာလင်းက တောင်သူများအား မျိုးစေ့ထုတ်စိုက်ခင်းနှင့် စံပြစိုက်ခင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် နည်းပညာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် မျိုးစေ့ချကိရိယာ၊ မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာတို့ကို အသီးသီးထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ဟိုပုံးမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးရာသီ၌ အဓိက သီးနှံများဖြစ်သော မိုးစပါး ၂၂၄၃၃ ဧက၊ အစေ့ထုတ်ပြောင်း ၂၉၃၃၂ ဧက၊ မြေပဲ ၂၂၃၅ ဧက၊ နေကြာ ၁၂၉ ဧက၊ ပဲပုပ် ၁၃၈၇ ဧကနှင့် အာလူး ၃၉၂ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ပြီး ဒေသတွင်းတောင်သူများ မျိုးစေ့ဖူလုံစေရေးအတွက် မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းများ ဖော်ဆောင်ခြင်းနှင့် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းတိုးတက်စေရေးအတွက် အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နေကြာ၊ ပဲပုပ်၊ အာလူးသီးနှံ စံပြစိုက်ခင်းများကို ဟိုပုံးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မိုးသီးနှံ မျိုးစေ့ထုတ်စိုက်ခင်းနှင့် စံပြစိုက်ခင်းဆောင်ရွက်သော တောင်သူများအတွက် Se-eder ငါးခုနှင့် တစ်ဧကလျှင် ယူရီးယားမြေဩဇာတစ်အိတ်၊ ကွန်ပေါင်းမြေဩဇာတစ်အိတ်နှင့် သဘာဝမြေဩဇာလေးအိတ်နှုန်းဖြင့် မြို့မအုပ်စု၊ ပေါင်လင်းကျေးရွာအုပ်စုနှင့် နမ့်ခုတ်ကျေးရွာအုပ်စုတို့မှ စိုက်ခင်း ၅၂ ဧက၊ တောင်သူ ၂၅ ဦးအတွက် ဓာတ်မြေဩဇာ ၁၀၄ အိတ်နှင့် သဘာဝမြေဩဇာ ၂၀၈ အိတ်တို့ကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။(၃၆၈)



တံတားနှင့်လမ်း၊ ဆေးခန်းနှင့်ကျောင်း၊ ဆည်မြောင်းနှင့်ကန်
သစ်ပင်ရုံမှ သဏ္ဍာန်လှပ ပန်းရလိမ့် ။

## " ကုန်အမှတ်တံဆိပ် အများသိစေရန် အသိပေးကြေညာခြင်း "

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်နေ ဦးကျန်းကြိမ်ချိန်(ဘ)ဦးကျန်းစုထင်(၁၃/တမည(နိုင်)၀၀၂၃၅၇)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ALLIGATOR
Interior & Exterior Latex Paint

မှတ်ပုံတင်အမှတ်(၁၂၀၅/၂၀၂၅)

ကျွန်ုပ်၏မိတ်ဆွေမှ **"ALLIGATOR"** Interior & Exterior **Latex Paint** ကုန်အမှတ်တံဆိပ်အမည်ကို မန္တလေးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်မြွက်ဟ ကြေညာစာတမ်းစာချုပ်မှတ်ပုံတင်အမှတ်(၁၂၀၅/၂၀၂၅)အရ ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်သွင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေမှ **"ALLIGATOR"** Interior & Exterior **Latex Paint** ကုန်အမှတ်တံဆိပ်ကို အသုံးပြုပြီး အရည်အသွေးမြင့်မားကောင်းမွန်စွာ စီမံပြုလုပ်ထားသည့် " အိမ်အတွင်း၊ အပြင် အိမ်သုတ်ဆေးအမျိုးမျိုးနှင့် ဆေးသုတ်ပစ္စည်းအမျိုးမျိုး " တို့ကို ထုတ်လုပ်ပြီး လက်လီ၊ လက္ကား ဖြန့်ချိရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေမှ တရားဝင်မှတ်ပုံတင်သွင်းပြီးဖြစ်သော **"ALLIGATOR"** Interior & Exterior **Latex Paint** ကုန်အမှတ်တံဆိပ်၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အခြားဘာသာစကားတို့ဖြင့်သော်လည်းကောင်း၊ ရှေ့/နောက်ပြောင်း၍ဖြစ်စေ၊ ပုံသဏ္ဍာန်တူအောင်ဖြစ်စေ၊ တုပပြီး အသုံးပြုပြီး ထုတ်လုပ်ဖြန့်ဖြူးခြင်းမပြုလုပ်ရန် သတိပေးကြေညာလိုက်ပါသည်။ ဆင်တူယိုးမှား တုပသုံးစွဲပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မျိုးသန္တာထွေး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**အကွက်(၁၆)၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၈၅၁၉၂**

## ပျောက်ဆုံးကြောင်း

ဒေါ်ထက်ထက်ကို(ဘ)ဦးမောင်မောင်စိုး(ခ)ဇကရီယာ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခအဇ(နိုင်)၀၃၅၈၈၃)ကိုင်ဆောင်သူ၏ Passport No. မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဒေါ်ထက်ထက်ကို ဖုန်း ၀၉-၇၇၂၀၂၁၄၅၁**

## ပျောက်ဆုံးကြောင်း

ဒေါ်အေးအေးမြင့်(ဘ)ဦးလှမြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခအဇ(နိုင်)၀၀၇၁၇၅)ကိုင်ဆောင်သူ၏ Passport No. မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဒေါ်အေးအေးမြင့် ဖုန်း ၀၉-၂၀၂၁၄၅၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ မြရည်နန္ဒာ တန်ဖိုးနည်းအိမ်ရာ၊ အကွက်အမှတ်(မမ-၂၈)၊ တိုက်အမှတ်(၁၁)၊ ပထမထပ် တိုက်ခန်းအမှတ်(၅)တိုက်ခန်းသည် ဦးထွန်းအမည်ပေါက် တိုက်ခန်းဖြစ်ပါသည်။ ခင်ပွန်းဖြစ်သူ ဦးထွန်းမှာ(၂၀-၁၀-၂၀၂၄)ရက်က ကွယ်လွန်ခဲ့ပါသဖြင့် ၎င်း၏တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်တင်အုန်းမြင့်(ဘ)ဦးတင်နု(၁၂/လကန(နိုင်)၁၀၈၆၅၄)မှ တရားရုံးကျမ်းကျိန်လွှာဖြင့် အမွေဆက်ခံ၍ အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သီရိ (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၁လမ်းနှင့် ၅၂လမ်း၊ ၁၁၄(ဘီ)လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၈၇၁၆၄၆၈၊ ၀၉-၄၀၇၂၇၀၀၅၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ မြို့မြေတိုးချဲ့(၄)၊ အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ကွင်းအမှတ်(၄၉၈-က/ကျီကုန်း)၊ ဦးပိုင်အမှတ်(၁၄-ခ)၊ အကျယ်(၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဦးခင်ကိုအမည်ပေါက် ဂရန်မြေကွက်အနက်မှ မြောက်ဘက်ခြမ်းအကျယ်(၂၀×၆၀)ပေ အကျယ်အဝန်းရှိ အာရ်စီတစ်ထပ်အဆောက်အအုံ၊ ရေတိုင်၊ လျှပ်စစ်မီတာပါဝင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးကျော်မျိုးလွင်(ဘ)ဦးငွေးလင်း(၅/ဝလန(နိုင်)၁၅၄၄၁၁)၊ ဒေါ်အေးအေးမာ(ဘ)ဦးဘိုအေး(၉/မဟမ(နိုင်)၀၀၅၉၆၄)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမြင့်သူ (LL.B,D.B.L)**

**တရားလွှတ်တော်ရှေ့နေ**

**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၄၃၀၁၁၁၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဠ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၃၅)၊ ဦးပိုင်အမှတ်(၁၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်လှဝင်းအမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။

အထက်ပါ ဂရန်မြေကွက်၏ ငွေသွင်းပြေစာမူရင်း(၂)စောင်မှာ အမည်ပေါက်တရားဝင်ပိုင်ဆိုင်သူ ကျွန်မ ဒေါ်လှဝင်း(ဘ)ဦးကျော်ဇော(၁၃/ရငန(နိုင်)၀၃၀၅၃၄)၏ လက်ဝယ်တွင် ခရီးသွားလာရင်း ပျောက်ဆုံးသွားခဲ့ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါဂရန်မြေကွက်နှင့် သက်ဆိုင်သော ငွေသွင်းပြေစာမူရင်း(၂)စောင်အား သက်ဆိုင်ရာရုံးဌာနအသီးသီးတို့တွင် မူရင်းခွဲ/မိတ္တူမှန် လျှောက်ထားသွားမည်ဖြစ်ပါကြောင်းနှင့် အကယ်၍ တွေ့ရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ငွေသွင်းပြေစာမူရင်းတို့နှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှဝင်း(ဘ)ဦးကျော်ဇော**

**(၁၃/ရငန(နိုင်)၀၃၀၅၃၄)**

**(ဠ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၂၅၀၀၆၈၂၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မင်္ဂလာ(၁)ရပ်ကွက်၊ အကွက်အမှတ်(၄)၊ ဦးပိုင်အမှတ်(၁၈၁+၁၈၂)၊ မြေကွက်(၂)ကွက်ပေါင်း ဧရိယာ(၀ ဒသမ ၀၅၅)ဧက၊ (၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဦးအောင်ကျော်မြင့်အမည်ဖြင့် ချထားရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ယနေ့အချိန်ထိ လက်ထိလက်ရောက် နှစ်ပေါင်းများစွာ ဝယ်ယူပိုင်ဆိုင်ထားသော ကျွန်မ ဒေါ်ခင်လှိုင်ဦး(ဘ)ဦးသန်းထွန်း(၁၃/နမတ(နိုင်)၀၃၂၆၆၇)မှ မိမိအမည်ပေါက် မြေငှားဂရန် လျှောက်ထားရယူသွားမည်ဖြစ်ပါသဖြင့် ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်လှိုင်ဦး(ဘ)ဦးသန်းထွန်း**

**(၁၃/နမတ(နိုင်)၀၃၂၆၆၇)**

**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း ၀၉-၂၅၇၈၀၆၆၅၅**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း Grade-10(B) မှ မရွှေထိုက်စိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးစန်းဝင်းအောင် ဖြစ်ပါကြောင်း။

**ဦးစန်းဝင်းအောင်(၉/မတရ(နိုင်)၁၃၁၆၂၈)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၃၀)၊ ဦးပိုင်အမှတ်(၁၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ မြောက်ဘက်အစွန်းဆုံး၏ တောင်ဘက်ခြမ်းဧရိယာ(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လျှပ်စစ်မီးအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်၊ ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်မင်းမင်းအေး(ဘ)ဦးကျော်မြင့်(၉/မရတ(နိုင်)၁၀၅၁၇၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇာခြည်ကိုကိုလင်း(ဘ)ဦးချစ်ကိုကို(၉/ခမစ(နိုင်)၀၅၈၆၉၀)က ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နိုင်နိုင်နွယ် (LL.B,LL.M,D.B.L)**

**တရားလွှတ်တော်ရှေ့နေ**

**အကွက်(ဓဓ-၁၃/၁၂)၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၆၂၄၉၈၁၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၃၀)၊ ဦးပိုင်အမှတ်(၁၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ မြောက်ဘက်အစွန်းဆုံးခြမ်းဧရိယာ(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်၊ ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်မင်းမင်းအေး(ဘ)ဦးကျော်မြင့်(၉/မရတ(နိုင်)၁၀၅၁၇၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစန်းငွေ(ဘ)ဦးလှရွှေ(၅/ငဇန(နိုင်)၀၀၈၉၅၇)က ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နိုင်နိုင်နွယ် (LL.B,LL.M,D.B.L)**

**တရားလွှတ်တော်ရှေ့နေ**

**အကွက်(ဓဓ-၁၃/၁၂)၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၆၂၄၉၈၁၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၂)၊ ဦးပိုင်အမှတ်(၁၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်သန်းဝင်းအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်ခင်သန်းဝင်း(ဘ)ဦးကျူးဖာချန်(၁၃/မဆတ(နိုင်)၀၅၉၈၃၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ တိုင်းရင်းသား စည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ အေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရေး အတွက် အသက်တမျှအရေးကြီးပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သော "(၇၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ" မှ ကောက်နုတ်ချက်)

## ဆလုံတောင်ကျွန်း ဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း(၁၁၇၈၆ ဒသမ ၈) ဧကရှိသော နယ်မြေကို **"ဆလုံတောင်ကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော"**အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၇၂ /၂၀၂၅) အရ ၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၁၃) ရက်၊ (၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

စာမျက်နှာ ၁၀ သို့ ✪



ဆလုံတောင်ကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော၏ သဘာဝရှုခင်းကို တွေ့ရစဉ်။



အမျိုးသား+အမျိုးသမီး Mix လေးယောက်တွဲပြိုင်ပွဲတွင် ငွေတံဆိပ်ရခဲ့သည့် မြန်မာပိုက်ကျော်ခြင်းအသင်းကို တွေ့ရစဉ်။

## (၃၈) ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်း ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် နှစ်ခု ဆွတ်ခူးရရှိ

ရန်ကုန် ဇူလိုင် ၂၆

(၃၈) ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာပိုက်ကျော်ခြင်းအသင်းသည် ပြိုင်ပွဲအပြီးတွင် ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် နှစ်ခု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် အမျိုးသား+အမျိုးသမီး Mix လေးယောက်တွဲပြိုင်ပွဲတွင် ငွေတံဆိပ် ထပ်မံရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာပိုက်ကျော်ခြင်းအသင်းသည် ဆီမီးဖိုင်နယ်တွင် လာအိုအသင်းကို နှစ်ပွဲပြတ်အနိုင်ရသော်လည်း ဗိုလ်လုပွဲတွင် အိမ်ရှင်ထိုင်းအသင်းကို နှစ်ပွဲပြတ်အရှုံးနိမ့်ခဲ့သဖြင့် ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ မြန်မာပိုက်ကျော်ခြင်း အသင်းအတွက်

စာမျက်နှာ ၁၀ သို့ ✻

## Carabao Futsal Champion Cup 2025 ပြိုင်ပွဲတွင် Winner Generations အသင်း ဗိုလ်စွဲ

**ရန်ကုန် ဇူလိုင် ၂၆**

Carabao Futsal Champion Cup 2025 ပြိုင်ပွဲ၏ ဗိုလ်လုပွဲအဖြစ် MIU FC နှင့် Winner Generations FC တို့ ယနေ့ မွန်းလွဲပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ Winner Generations FC က ပင်နယ်တီ အဆုံးအဖြတ် အနိုင်ယူပြီး ဗိုလ်စွဲနိုင်ခဲ့သည်။

သာမန်ပွဲကစားချိန် အပြီးထိ ဂိုးမရှိ သရေကျနေခြင်းကြောင့် ပင်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရာ ပင်နယ်တီတွင် Winner Generations FC က ၄ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိပြီး ပြိုင်ပွဲ၏ ချန်ပီယံဆုကို ရယူနိုင်ခဲ့သည်။

ဗိုလ်လုပွဲ အပြီးတွင် ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲ၏ အသန့်ရှင်းဆုံးဆု ရရှိခဲ့သော YRG FC အသင်းက ဆုဖလားနှင့် ဆုကြေးငွေကျပ် ၅ သိန်း အကောင်းဆုံး ဂိုးသမားဆု ရရှိခဲ့သော Winner Generations အသင်းမှ ကျော်ရဲသွေးကို အမှတ်တရ ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၅ သိန်း၊ ပြိုင်ပွဲ၏ အကောင်းဆုံး ကစားသမားဆု ရရှိခဲ့သော Winner Generations FC မှ ထွဋ်ထွဋ်လွင်ကို အမှတ်တရ ဆုနှင့် ဆုကြေးငွေကျပ် ၅ သိန်းကို ချီးမြှင့်ခဲ့သည်။

ပြိုင်ပွဲ၏ စတုတ္ထဆု ရရှိခဲ့သော TG United FC အသင်းကို ဆုကြေးငွေကျပ် ၁၅ သိန်း၊ တတိယဆု ရရှိခဲ့သော YRG FC အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၂၅ သိန်း၊ ဒုတိယဆု ရရှိခဲ့သော MIU FC အသင်းကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း ချီးမြှင့်ခဲ့သည်။

ပြိုင်ပွဲ၏ ချန်ပီယံဆု ရရှိခဲ့သော Winner Generations FC ကို အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၇၅ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**(NGB)**

